# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 14, 2020 Volume 31, Number 8


**၁၄.၅.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၅ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၀၃၀၀၀ |
| ဒေါ်လာဈေး | = ၁၄၁၄/- ကျပ် |
| CBM Rate | = ၁၄၁၁.၆ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၂၅.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၂.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၂.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၁.၃ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၀၈.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၉၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၆၉၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၀၀ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၄၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၉၈၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းများ ရင်ဆိုင်နေရသည့် အခက်အခဲများ

COVID-19 ကပ်ရောဂါပျံ့ပွားမှုကြောင့် အိန္ဒိယနိုင်ငံရှိ ရပ်ကွက်ကျေးရွာများတွင် lockdown ချထားခြင်း၏ အကျိုးဆက်အနေဖြင့် အငယ်စား၊ အသေးစား၊ အလတ်စား လုပ်ငန်းများ (MSMEs)စီးပွားရေးအကြပ်အတည်း ပြင်းထန်စွာခံစားနေရပါသည်။ အိန္ဒိယနိုင်ငံ၏ MSMEs နိုင်ငံအတွင်းရှိ လူဦးရေ (၁၁၄)သန်း အား အလုပ်အကိုင်ဖန်တီး ပေးပြီး၊ နိုင်ငံပို့ကုန်၏ ထက်ဝက်ကျော်အား ထုတ်လုပ်ကာ တိုင်းပြည်ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကျော် အကျိုးပြုလျက်ရှိပါသည်။ ကပ်ရောဂါ၏ အကျိုးဆက်အနေဖြင့် supply-chain ကွင်းဆက်ပြတ်တောက်သွားပြီး ထုတ်လုပ်မှုများ ရပ်စဲကာ အရေးပါသည့် ဝင်ဆောင်မှုများလဲရပ်တန့်သွားခြင်းကြောင့် MSMEs လုပ်ငန်းများရှိ ဝန်ထမ်းများအား လုပ်ခလစာပေးချေရန် အခက်အခဲများနှင့်ရင်ဆိုင်နေရပါသည်။ မကြာသေးမီက MSMEs လုပ်ငန်း ၅၀၀၀ အား All India Manufacturers' Organisation (AIMO)၏ ကွင်းဆင်း လေ့လာသုတေသနပြုချက်အရ MSMEs လုပ်ငန်း ၇၁ ရာခိုင်နှုန်းသည် မတ်လအထိ ၎င်းတို့၏ ဝန်ထမ်းများ လုပ်ခလစာမပေးနိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။ နိုင်ငံအတွင်းရှိ MSMEs များသည် ၎င်းတို့လိုအပ်နေသည့် ရင်းနှီးငွေ များကို ရရှိရန်အတွက် အစီရင်ခံစာများ၌ သုံးသပ်မှုများ ပြုလုပ်နေကြပါသည်။

အိန္ဒိယအစိုးရအနေဖြင့် MSMEs ကဏ္ဍရှိ လုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာ အထောက်အကူပြု အစီအစဉ်များကို ကြေညာခဲ့ပြီး ကာလတို ငွေဖြစ်လွယ်မှုမှတစ်ဆင့် ယာယီအခက်အခဲများကို ဖြေရှင်းပေးဖို့ရန်မက အနာဂတ်ကာလတွင် ကာလလတ်၊ ကာလရှည် စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက်ပါ ရည်ရွယ်ထားသည်။ COVID-19 ကပ်ရောဂါပျံ့ပွားမှုကြောင့် စီးပွားကျပ်တည်းမှုဒဏ်ခံနေရသည့် MSMEs ကဏ္ဍရှိ ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများနှင့် ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများအတွက် Reserve Bank of India (RBI) (က) အိန္ဒိယက MSMEs စီးပွားရေး လုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများကို ကြေညာ ခဲ့ခြင်း၊ Public Sector Banks (PSBs) ဘဏ်က အရေးပေါ်ချေးငွေအစီအစဉ်များ အစပြုခြင်း၊ Small Industries Development Bank of India (SIDBI) ဘဏ်က သက်သာသည့် အတိုးနှုန်းဖြင့် ငွေချေးပေးခြင်းတို့အပြင်ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုတို့ အပေါ် ကောက်ခံသည့် အခွန် (GST) ပေးချေမှုကို ၂၀၂၀ ဇွန်လအထိ ရွှေ့ဆိုင်းပေးထား ပါသည်။ MSMEs စီးပွားရေးလုပ်ငန်းများ ကာလတိုငွေသားအကျပ်အတည်းဖြစ်မှုကို ဖြေရှင်းပေးနိုင်သည် သာမက MSMEs ကဏ္ဍရှိ လုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာ အထောက်အကူပြု အစီအစဉ်များက ထိရောက်ခဲ့ပါသည်။

ကမ္ဘာပေါ်ရှိ အစိုးရအသီးသီးသည် အသေးစားလုပ်ငန်းများ ရှင်သန်နိုင်ရေးအတွက် ချေးငွေရရှိရေးကို ထိရောက်စွာ ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ အိန္ဒိယနိုင်ငံ၏ ကူညီမှုများတွင်ကာလတို ငွေသားအကျပ်အတည်းကို ကူညီပေးခဲ့သည် သာမက တစ်ဦးထဲလုပ်ငန်းလုပ်ကိုင်သူများနှင့် အငယ်စားလုပ်ငန်းများအတွက် တိုက်ရိုက်ကူညီထောက်ပံ့ပေးခြင်း၊ ဆိုင်ခန်း ငှားခနှင့် ရေ၊ မီးအခွန်အခများ ပေးချေမှုကိုရွှေ့ဆိုင်းပေးခြင်း၊ lockdown ချထားခြင်းကြောင့် ရောင်းရငွေ လျော့နည်းမှုအပေါ် ထောက်ပံ့ပေးခြင်းတို့အပါအဝင် အလုပ်သမားခပေးချေမှုကို ၃ လ မှ ၆ လ အထိ ကူညီပေးခဲ့ပါသည်။ အလုပ်သမားခ ပေးချေမှု ကို ၃ လ မှ ၆ လ အထိ ကူညီပေးခဲ့ပါသည်။

အိန္ဒိယအစိုးရအနေဖြင့် ငွေကြေးနှင့်လူမှုဘဝလုံခြုံရေးတို့အတွက် ကူညီဆောင်ရွက်ပေးသော်လည်း MSMEs လုပ်ငန်း ၆၃.၄ သန်းကိုအတည်ပြုရန် အခက်အခဲရှိနေပြီး ၎င်းအနက်မှ တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသည့် MSMEs လုပ်ငန်း အငယ်စား ၉၉ ရာခိုင်နှုန်းကျော်ရှိနေပါသည်။

**Ref: https://www.ideasforindia.in/topics/macroeconomics/covid-19-and-the-msme-sector-the-identification-problem.html**

**Source: Myantrade**

## COVID 19 ကာလအတွင်း နိုင်ငံတော်အရန်ဆန် တန် ၈၀၀၀ ကျော်ဝယ်ယူပြီး



COVID 19 ကာလအတွင်း နိုင်ငံတော်အရန်ဆန် တန်ချိန် ၈၀၀၀ ကျော်ဝယ်ယူပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန ၊ စားသုံးသူရေးရာဦးစီးဌာနမှသိရသည်။ "၁၂ ရက်နေ့အထိ ဝယ်ထားတဲ့ ဆန်တန်ချိန်က ရန်ကုန်မှာက တန်ချိန် ၇၂၀၀ ကျော်နဲ့ မန္တလေးတိုင်းက တန်ချိန် ၇၀၀ ကျော်နဲ့ဆိုရင် စုစုပေါင်း တန်ချိန် ၈၀၀၀ ကျော်ဝယ်ပြီးသွားပြီ။ တန်ချိန် ၅၀၀၀၀ မပြည့်မချင်း ဝယ်ရမှာ ဖြစ်ပြီးတော့ တစ်ရက်ကို တန်ချိန် ၁၀၀၀ လောက်ပုံမှန်ဝယ်ယူနေရပါတယ်'' ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဦးဇေယျာဆွေက မြန်မာတိုင်းမ်သို့ပြောသည်။

နိုင်ငံတော်၏ အရန်ဆန် ဝယ်ယူ၊ စစ်ဆေး၊ လက်ခံ၊ သိုလှောင်ခြင်း လုပ်ငန်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ MITS နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့က ဧပြီလ ၃၀ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ပြီး မေ ၁၂ ရက်နေ့အထိ သိုလှောင်ရုံ ၇ ခုတွင် ပြည်ပတင်ပို့မည့် ကုမ္ပဏီ ၄၀ ထံမှ ဝယ်ယူထားခြင်းဖြစ်သည်။ "ဝယ်ယူမှုက ခန့်မှန်း တွက်ကြည့်တာ တစ်ရက်ကိုတန် ၁၀၀၀ လောက်လက်ခံနေတယ်။ တစ်လဆိုရင်တန်ချိန် ၃၀၀၀၀ ဆိုတော့ နောက်ထပ် တစ်လခွဲ လောက်တော့ကြာနိုင်တယ်''ဟု ဦးဇေယျာဆွေကပြောသည်။ အဆိုပါဆန်များကို ရန်ကုန်တိုင်းအတွင်းရှိ လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များရှိ ဂိုထောင် ၅ ၊ မန္တလေးတိုင်း ကျောက်ဆည်မြို့တွင် ဂိုထောင် ၂ ခု ၊ စုစုပေါင်း ဂိုထောင် ၇ ခုတွင် သိုလှောင်သွားမည်ဖြစ်ကြောင်းသိရသည်။

COVID 19 ရောဂါကြုံတွေ့နေရချိန်တွင် ပြည်တွင်း ဈေးနှုန်းတည်ငြိမ်ရေး၊ ရိက္ခာဖူလုံမှုရှိစေရေးအတွက် နိုင်ငံတော်အရန် ဆန်နှင့် ဆီကို ကျပ် ၃၈ ဘီလျံဖိုး ဝယ်ယူသိုလှောင်နေခြင်းဖြစ်ပြီး ဆန်လုပ်ငန်းရှင်များ ပို့ကုန်လိုင်စင် လျှောက်ထားသည့်အခါ စုစုပေါင်းပမာဏ၏ ၁၀ ရာခိုင်နှုန်းအား ရောင်းချစေသောနည်းလမ်းဖြင့် ဝယ်ယူခြင်းဖြစ်သည်။ ပင်လယ်ရေကြောင်းမှ တင်ပို့သူများမှာ ရန်ကုန်မြို့၌လည်းကောင်း၊ နယ်စပ်ထွက်ပေါက်များမှ တင်ပို့သူများမှာ မန္တလေးမြို့၌လည်းကောင်း အစိုးရထံ ဆန်ပေးသွင်းရခြင်းဖြစ်ကာ ဆန်တန်ချိန် ၅၀,၀၀၀ (ဧည့်မထဆန် ၂၅ မှတ်) ကို ဧပြီ ၂၇ ရက်မှ စတင်ဝယ်ယူနေပြီး လိုအပ်သည့် ငွေကြေးကို နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/139175.html

## COVID-19 ကြောင့် မြိတ်ကျွန်းစုအတွင်းရှိ ကင်းမွန်ဈေးကွက်များ ထိခိုက်ခဲ့ပြီး ဈေးကွက် မဖန်တီးထားနိုင်မှုကြောင့် ရေရှည်ရပ်တည်ရန် မလွယ်ကူတော့ကြောင်း သိရ



COVID-19 ကြောင့် မြိတ်ကျွန်းစုအတွင်းရှိ ကင်းမွန်ဈေးကွက်များစွာ ထိခိုက်ခဲ့ပြီး နိုင်ငံအနေဖြင့် ဈေးကွက်ဖန်တီးထားနိုင်ခြင်းမရှိသည့် အတွက် ရေရှည်ရပ်တည်ရန် မလွယ်ကူတော့ကြောင်းသိရသည်။ COVID-19 ဖြစ်လာသည်မှာ သုံးလကျော်လာပြီးနောက် မြိတ်ကျွန်းစုထွက် ရေထွက်ကုန်များစွာမှာလည်း ဈေးကွက်ထိခိုက်မှု များစွာဖြစ်နေခဲ့ရာ မကြာမီရာသီသိမ်းတော့မည့် ကင်းမွန်ဈေးကွက်မှာလည်း ထိခိုက်မှုများကြောင့် ကြိုတင်ရပ်နားထားရသည့် လှေများလည်း ရှိလာနေကြောင်းသိရသည်။

ထိုင်းနှင့် တရုတ်ဈေးကိုသာ အဓိကအားထားလာရသည့် ကင်းမွန်ဈေးကွက်မှာ ထိုင်းနိုင်ငံမှ ဝယ်ယူမှုရပ်နားလိုက်သည့်အတွက် တရုတ်ဝယ်လက်များကိုသာ အားထားပြီးရောင်းချနေရကြောင်းသိရသည်။ "ကိုရိုနာဗိုင်းရပ်စ် မဖြစ်ခင်တုန်းက ဘိတ်မှာ ကင်းမွန်လာဝယ်တာက တရုတ်ဈေးကွက်နှင့် ယိုးဒယားဈေးကွက်ပဲရှိတယ်။ ယိုးဒယားကတော့ ဈေးကောင်းတယ်။ တရုတ်ထက် အများကြီးဈေးပိုပေးနိုင်တယ်။ ဒါပေမဲ့ ရောဂါစဖြစ်တော့ တရုတ်ကပိတ်လိုက်တယ်။ ထိုင်းကနည်းနည်းပို့လို့ ရတယ်။ အခုကျတော့ တရုတ်ကပြန်အဆင်ပြေသွားတယ်။ ယိုးဒယားက အကုန်ပိတ်လိုက်တော့ ဘယ်သူမှမဝယ်နိုင်တော့ဘူး။ ကျွန်တော်တို့က ယိုးဒယားကိုပဲပို့လာတော့ အခုပို့မယ်နေရာမရှိဘူးဖြစ်နေတယ်။ ဈေးကွက်ပိတ်သွားတာပေါ့။ အခုကျတော့ တရုတ်နှင့်ပဲညှိပြီး တရုတ်ကိုပြန်ရောင်းတာရောင်း၊ Cold Store ထဲမှာ သိမ်းတာသိမ်းပေါ့။ အဲဒီလိုလုပ်နေရတယ်။ တရုတ်ကိုတိုက်ရိုက်တော့မပို့နိုင်ဘူး။ ကျွန်တော်တို့မှာ ဈေးကွက်မရှိဘူး။ ဒီမှာ တရုတ်ပြည်ကလာဝယ်နေတဲ့ ပြုတ်ခြောက် လုပ်ငန်းတွေကိုပြန်ရောင်းရတယ်။ သူတို့ပေးတဲ့ဈေးကိုပဲ ရောင်းပေးနေရတယ်။ ရေရှည် ပိတ်ထားရင် အခြေခံလူတန်းစားတွေ အတော်လေးကိုထိခိုက်မယ် ကင်းမွန်ဝယ်တဲ့ လှေတွေရှိတယ်။ ကားသမားတွေရှိတယ်။ လှေသားတွေရှိတယ်။ ဟိုဘက်ကမ်းမှာလည်း မြန်မာအလုပ်သမားတွေ အများကြီးရှိတယ်။ အလုပ်လက်မဲ့ဖြစ်သွားမယ်။ ကျွန်တော်တို့ကတော့ ယိုးဒယားမပို့နိုင်ပေမဲ့ ကိုယ့်အလုပ်သမားတွေအတွက် အလုပ်ရှိနေအောင် တရုတ်ကို ရောင်းတာရောင်း၊ အအေးခန်းထဲမှာ သိုတဲ့ဟာသိုပြီ တောင့်ခံနေပါတယ်။ ကျွန်တော်တို့မှာ ဈေးကွက်မရှိတာ အဓိကပြဿနာပါ။ ကုန်ကြမ်းချည်းပဲ ပို့နေရတယ်။ အစိုးရအနေနဲ့ပါဝင်လာပြီး လမ်းကြောင်းတစ်ခုခုရှာပေးမယ်။ ကျွန်တော်တို့လည်းကြိုးစားမယ်။ အကုန်လုံးဝိုင်းလုပ်ပြီး ပြည်တွင်းမှာ ကုန်ချောထုတ်နိုင်ရင်တော့ အဆင်ပြေမယ်။ ကုန်ချောထုတ်ပြီး သိမ်းထားလို့ရတယ်။ ကုန်ကြမ်းကျတော့ မရောင်းလို့လည်းမရဘူး။ ပျက်စီးနိုင်တယ်။ အဲဒါက အဓိကပြဿနာဖြစ်နေတယ်" ဟု ကင်းမွန်တင်ပို့နေသူ ကိုအောင်မြင့်မြတ်က ပြောကြားသည်။

ကင်းမွန်ဈေးနှုန်းများမှာ ထက်ဝက်ခန့် ကျဆင်းနေသော်လည်း တရုတ်မှပေးသည့် ဈေးနှုန်းအတိုင်းသာ ထိုးရောင်းနေရကြောင်းသိရသည်။ ပြည်တွင်းဈေးကွက် မရှိသည့်အပြင် စီမံဆောင်ရွက်ထားမှုများလည်း မရှိသည့်အတွက် ရာသီချိန်မတိုင်မီ လှေများလည်း ကမ်းသို့ဝင်ကာ လုပ်ငန်းရပ်နားနေကြကြောင်းသိရသည်။ "ကင်းမွန်က အရင်တုန်းက တစ်ဗန်း (၁၁ ပိဿာဝင် ဗန်းတစ်ဗန်း )ကို ကျပ် ကိုးသောင်း၊ ငါးသောင်း၊ လေးသောင်းဆိုပြီးရှိတယ်။ အခုလက်ရှိက လေးသောင်း၊ နှစ်သောင်းနဲ့ တစ်သောင်းဆိုတဲ့အဆင့်ကို ရောက်သွားပြီ။ ကျွန်တော်တို့က တရုတ်ဈေးကွက်ကိုအားကိုးရတယ်။ ထိုင်းဈေးကွက်ကို အားကိုးနေရတယ်။ ပြည်တွင်းမှာ ဈေးကွက်ကိုထိန်းပေးတဲ့ ရေလုပ်ငန်းနှင့်ပတ်သက်တဲ့ အဖွဲ့အစည်းတွေမရှိဘူး။ အဲဒီလိုမရှိတော့ လုပ်ငန်းရှင်တွေက ကိုယ့်နည်းကိုယ့်ဟန်နှင့်ပဲ ဖြေရှင်းနေရတယ်။ နောက်ဆက်တွဲ ပြဿနာ ဘယ်လောက်ဖြစ်လာမလဲဆိုတာ စောင့်ကြည့်နေရုံမှတစ်ပါး မရှိဘူး။ ကျွန်တော်တို့လည်းဝင်ပြီး တာဝန်ယူပေးမနိုင်ဘူး။ ကိုယ့်ပြည်တွင်းမှာ ဒီလိုဖြစ်လာရင်ကြိုတင်ပြီး ဘာတွေလုပ်ထားမလဲဆိုတဲ့ အစီအစဉ်တွေမရှိဘူးဖြစ်လာရင်တော့ ရေလုပ်ငန်းလုပ်နေတဲ့သူတွေ ခါးစည်းခံရမှာပဲ"ဟု မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးဌေးလှိုင်ကပြောကြားသည်။

နှစ်စဉ် သီတင်းကျွတ်ကာလမှ မိုးရာသီမတိုင်မီ လုပ်ငန်းလုပ်ကိုင်ကြသော ကင်းမွန်လှေများမှာ ယခုနှစ်တွင် သင်္ကြန်ကာလကတည်းက လုပ်ငန်းရပ်နားလိုက်သည့်လှေများရှိနေကြောင်း၊ ကင်းမွန်ရာသီအတွင်း ဈေးကွက်လည်းမရှိသည့်အတွက်

လုပ်ငန်းရှင်များမှာ လေ့ထွက်စရိတ်ပင် မကာမိသည့်အနေထားဖြစ်ခဲ့ပြီး လုပ်ငန်းရပ်နားရသည့် မိုးရာသီတွင်လည်း လှေသားများဖြစ်သည့် တံငါသည်များအဖို့ စားဝတ်နေရေး အခက်အခဲများစွာရှိလာနိုင်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/173519

## COVID-19 ကြောင့် လယ်ယာထုတ်ကုန် မကျဆင်းစေရန် ကောက်လေးသိန်းကို အစိုးရဦးဆောင်စိုက်ပျိုးမည်



COVID-19 ကြောင့် လယ်ယာထုတ်ကုန်သီးနှံများ ထုတ်လုပ်မှု မကျဆင်းစေရန်ရည်ရွယ်ပြီး ကောလေးသိန်းကို စိုက်ပျိုးမည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက မေ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အစီအမံဖြင့် ကေနှစ်သိန်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အစီအမံဖြင့် ကေနှစ်သိန်း ဆောင်ရွက်မည်ဖြစ်သည်။ နိုင်ငံတကာငွေကြေးအထောက်အပံ့၊ အစိုးရဘတ်ဂျက်တို့ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး တောင်သူများစိုက်ပျိုးရေး၊ သွင်းအားစုများရရှိရေးနှင့် ငွေကြေးအခက်အခဲများ မဖြစ်ပေါ်စေရန် စီမံဆောင်ရွက်လျက်ရှိသည်ဟုဆိုသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံတကာ အဖွဲ့အစည်းများ၏ ချေးငွေ အထောက်အပံ့၊ နိုင်ငံတော်ဘတ် ဂျက်တို့ဖြင့် နိုင်ငံတစ်ဝန်းရှိ ကေ နှစ်သိန်းတွင် သီးနှံမျိုးစေ့ထုတ်ခြင်းနှင့် စိုက်ပျိုးရေးစံပြကျေးရွာများတွင် သီးနှံများ စိုက်ပျိုးထုတ်လုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အစီအစဉ်ဖြင့် တောင်သူများနှင့် အကျိုးတူလယ်ယာစနစ် စိုက်ကေနှစ်သိန်းတွင် စိုက်ပျိုးထုတ်လုပ်မည်ဖြစ်သည်။ "အစိုးရရဲ့ COVID-19 စီးပွားရေးကုစားမှု အစီအစဉ်နဲ့အညီ ဒီအစီအစဉ်ကိုဆောင်ရွက်တာ ဖြစ်ပါတယ်။ လယ်ယာလုပ်သားတွေကို အလုပ်အကိုင် ရရှိစေဖို့လည်း ရည်ရွယ်ပါတယ်။ စပါးကိုအဓိကထားပြီး စိုက်ပျိုးမှာဖြစ်ပြီး တခြားသီးနှံတချို့လည်း စိုက်သွားမှာဖြစ်ပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယ အမြဲတမ်းအတွင်းဝန် ဦးမျိုးတင့်ထွန်းကပြောသည်။ အစိုးရ၏ COVID-19 စီးပွားရေးကုစားမှု အစီအစဉ်အရ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းငယ်များ၊ လယ်သမားများ၊ မျိုးစေ့ရောင်းချသူများကို ထောက်ပံ့မည့်အစီအမံများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အကောင်အထည် ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါ ကေလေးသိန်းတွင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်အတွက် လုပ်သားများစွာလိုအပ်ပြီး လယ်ယာလုပ်ငန်း အမျိုးမျိုးတွင်လုပ်ကိုင်ရန် စိတ်ပါဝင်စားသူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် နီးစပ်ရာစိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်ရန် အသိပေးကြေညာထားသည်။

ကမ္ဘာ့ဘဏ်သည် ကိုဗစ်ကာလအတွင်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို အထောက်အပံ့ပေးနိုင်ရန် Myanmar National Food and Agriculture Systems Project အတွက် ချေးငွေ အမေရိကန်ဒေါ်လာသန်း ၂၀၀ အထိပံ့ပိုးပေးမည်ဟု ပြီးခဲ့သည့်ရက်သတ္တပတ်တွင် မြန်မာအစိုးရသို့ အသိပေးပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/139197.html

## ကုန်ကြမ်းရရှိမှုနည်းပါး၍ ကျားပါးစပ်လုပ်ငန်းလုပ်ကိုင်သူများအခက်ကြုံ

မြိတ်ဒေသ၏ မိရိုးဖလာရေလုပ်ငန်းတစ်ခုဖြစ်သည့် ကျားပါးစပ်လုပ်ငန်းမှာ ကုန်ကြမ်းရရှိမှုနည်းပါးလာသည့်အတွက် ကုန်ချောအဖြစ် ထွက်ရှိလာသော ပုစွန်ခြောက်ဈေးကွက်မှာ ထက်ဝက်နီးပါး ဈေးနှုန်းကျဆင်းနေခြင်းကြောင့် တွက်ခြေမကိုက်ကြောင်း ကျားပါးစပ်လုပ်ငန်း လုပ်ကိုင်သူများကပြောသည်။ ကျားပါးစပ်လုပ်ငန်းကို မြိတ်ဒေသ တချို့က ရေလုပ်ငန်းအဖြစ်အသက်မွေးဝမ်းကျောင်း ပြုလုပ်ကိုင်နေသော လုပ်ငန်းတစ်ခုဖြစ်သည်။ ကုန်ချောအဖြစ် ပြန်လည်ရောင်းချသည့် ပုစွန်ခြောက်ဈေးကွက်သည်လည်း COVID-19 ကူးစက်ရောဂါကြောင့် ဈေးနှုန်းများ ထက်ဝက်နီး ပါးကျဆင်းနေသည့်အတွက် အလုပ်ရှင်နှင့်

အလုပ်သမားများ အကြား အခက်အခဲဖြစ်ပေါ်နေသည်ဟု သိရသည်။

ကျားပါးစပ်လုပ်ငန်းလုပ်ကိုင်နေသူ ဒေါ်မြသိန်းက "ဒီလုပ်ငန်းက ပုံမှန်လုပ်နေကျအတိုင်းပါပဲ။ ဒါပေမဲ့ အခုနောက်ပိုင်း ပင်လယ်မှာ ကုန်ကြမ်းရရှိမှုက တဖြည်းဖြည်းနည်းပါးလာတယ်။ ကုန်ချောဖြစ်တဲ့ ပုစွန်ခြောက်တွေလည်း ဈေးနှုန်းကျဆင်းလာတော့ တွက်ခြေမကိုက်ဖြစ်ပေါ် နေတယ်"ဟု ပြောသည်။ ပုစွန်ခြောက်ဈေးနှုန်း ကျဆင်းနေခြင်းကြောင့် လုပ်ငန်းရှင်တချို့ အနေဖြင့် တွက်ခြေမကိုက်သည့်အတွက် ရေရှည်ရပ်တည်နိုင်ရန် အခက်အခဲများဖြစ်ပေါ်နေကာ လုပ်ငန်းရပ်နားရန် စဉ်းစားနေကြသည်။ "ကုန်ကြမ်းက ရှားပါးလာတော့ ကိုဗစ်ကာလမှာ ကုန်ချောဖြစ်တဲ့ ပုစွန်ခြောက်က ဈေးကောင်းမရတော့ အလုပ်ရှင်နဲ့ အလုပ်သမားတွေမှာ တော်တော်လေးကို ရုန်းကန်နေရပါတယ်။ ဒီအလုပ်ကို ရပ်နားဖို့အထိ စဉ်းစားနေပေမယ့် ကိုယ့်အလုပ်သမားတွေ စားဝတ်နေရေး အခက်အခဲဖြစ်မှာကို စိုးရိမ်နေရတယ်"ဟု ကျားပါးစပ်လုပ်ငန်းလုပ်ကိုင်နေသူ ဒေါ်စန္ဒာဝင်းက ပြောသည်။ ယခင်က မြိတ်ဒေသထွက် ပုစွန်ခြောက်ဈေးကွက်မှာ တစ်ပိဿာလျှင် ကျပ် ၂၅,၀၀၀ အထိ ပေါက်ဈေးရှိရာမှ လက်ရှိအချိန်တွင် ကျပ် ၁၈,၀၀၀ ကျော်အထိသာ ဈေးကွက်တွင်ပေါက်ဈေးဖြစ်ပေါ်နေကြောင်း ကျားပါးစပ် လုပ်ငန်းလုပ်ကိုင်သူများထံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/139200.html

## ရန်ကုန်နှင့် မန္တလေး ရွှေဈေးကွက်များ မေလ ၁၆ ရက်တွင် ပြန်ဖွင့်ရန်စီစဉ်

တစ်လကျော်ကြာပိတ်ထားသည့် ရန်ကုန်နှင့် မန္တလေးရှိ ရွှေဈေးကွက်များကို မေလ ၁၆ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဟု ရွှေလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌများကပြောသည်။ COVID-19 ကာကွယ်ထိန်းချုပ်ရေး ကာလအတွင်း စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းကြောင့် လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ဖွင့်ရန် စီစဉ်ခြင်းဖြစ်သည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောသည်။ ‘‘လမ်းညွှန်ချက်တွေနဲ့အညီ ပြန်ဖွင့်ဖို့စီစဉ်ထားတာပါ။ စက်ရုံ၊ အလုပ်ရုံတွေတောင် ပြန်ဖွင့်နေတော့ အသင်းတွေလည်း ပြန်ဖွင့်နိုင်တော့မှာပါ’’ဟု ၎င်းကဆိုသည်။

မန္တလေးရွှေဈေးကွက်ကို ရန်ကုန်နှင့်အတူ ပြိုင်တူဖွင့်လှစ်ရန်စီစဉ်ထားကြောင်း မန္တလေးတိုင်းရွှေလုပ်ငန်းရှင်ဥက္ကဋ္ဌ ဦးတင်ထွန်းကပြောသည်။ ‘‘အခုတော့ မေလ ၁၆ ရက် မှဖွင့်မယ် မှန်းထားတယ်။ မေလ ၁၅ ရက်မှ ညွှန်ကြားချက်ထပ် ထုတ်ရင် ရွှေဈေးကွက်တွေ ပြန်ဖွင့်ဖို့ပါလာမှာပါ’’ဟု ၎င်းကဆိုသည်။ လက်ရှိတွင် မန္တလေး၌ ရွှေဈေးကွက်မှောင်ခိုမဖြစ်ရေးအတွက် အနည်းငယ်အရောင်းအဝယ်လုပ်ကိုင်နေသည်ဟု ဦးတင်ထွန်းကပြောသည်။ ရွှေဈေးကွက်ပြန်လည်ဖွင့်လှစ်ပါက အရောင်းပိုများလာနိုင်သည်ဟု ဦးမျိုးမြင့်ကဆိုသည်။ COVID -19 ကြောင့် ရန်ကုန်နှင့်မန္တလေးတို့ရှိ ရွှေဈေးကွက်များကို ပိတ်သိမ်းခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်၏ အဓိကရွှေဈေးကွက်ဖြစ်သော ရွှေဘုံသာရွှေဈေးကွက်ကို မတ်လ ၂၉ ရက်ကပိတ်ခဲ့ပြီး မန္တလေး ရွှေဈေးကွက် ကို ဧပြီ ၁၁ ရက်က ပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။

**Source:** https://7day.news/detail?id=186096

## ဝယ်လိုအားမရှိ၍ ငါးဖမ်းရာသီ တလစောပိတ်သိမ်း

COVID -19 ကြောင့် ဝယ်လိုအားမရှိတော့သဖြင့် ငါးဖမ်းလုပ်ငန်းများကို တလစောပြီး ရပ်နားလိုက်ပြီဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ ဦးမောင်မောင်စိုးက “အလုပ်လည်းသိမ်းလိုက်ပြီ။ လှေတွေလည်းဝင်လာပြီ တော်တော်များများနားကုန်ပြီ။ လုပ်ငန်းလည်းရပ်သွားပြီ။ ဧပြီလကုန်ခါနီးမှာပိတ်လိုက်တယ်” ဟုပြောသည်။ ဈေးကွက်အတွင်း ငါးဈေးနှုန်းများ ကျဆင်းနေပြီး အရောင်းအဝယ်အခက်အခဲရှိခြင်းနှင့် COVID-19 ရောဂါကြောင့် မိသားစုများကို စိတ်မချမှုများရှိနေကာ ဝင်လာသည့်ငါးဖမ်းလှေများ ပြန်မထွက်တော့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကဆိုသည်။ ၎င်းက “သင်္ကြန်မတိုင်ခင် ပြန်ဝင်လာတဲ့ လှေတွေကလည်း မထွက်တော့ဘူး။ သင်္ကြန်ပြီးမှ ဝင်တဲ့ လှေတွေလည်း မထွက် တော့ဘူး။ မေလကုန်ပြီးရင်လည်း ငါးမဖမ်းရ ရာသီစတော့မှာဆိုတော့ ဝင်ပြီးသားလှေတွေက ပြန်မထွက်တော့ဘဲနဲ့ အပြီး နားလိုက်တာပေါ့” ဟုဆိုသည်။

မြန်မာနိုင်ငံတွင် ငါးများသားပေါက်ကာလဖြစ်သည့် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများသည် ငါးမဖမ်းရကာလဖြစ်ပြီး ငါးဖမ်းလုပ်ငန်းများ ပိတ်သိမ်းထားရကာ စက်တင်ဘာလ ၁ ရက်မှစတင်ပြီး ရာနှုန်းပြည့် ငါးဖမ်းဆီးခွင့်ပြုထားခြင်းဖြစ်သည်။ ဆက်လက်ပြီး ဦးဝင်းကြိုင်က "ဒီဇယ်ဈေးကကျတော့ ငါးကဖမ်းမယ်ဆိုရင် ထိုက်သလောက်မဆိုးပေမယ့် ဒီမှာဈေးကွက်က အခြေအနေမကောင်းဘူး။ ကိုဗစ်ကြောင့် ဈေးမကောင်းတာတို့၊ ရောင်းမကောင်းတာတို့ဖြစ်တယ်" ဟုပြောသည်။ COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ငါး၊ ပုဇွန်ဝယ်ယူသည့်ကုမ္ပဏီများ၌ ဝန်ထမ်းအခက်အခဲဖြစ်ခြင်း၊ ပြည်ပသို့တင်ပို့နိုင်ခြင်းမရှိခြင်း၊ တာရှည်သိုလှောင်ထားရန် အအေးခန်းအခက်အခဲများဖြစ်ပေါ်ခြင်းများ ကြုံတွေ့နေရသဖြင့် ရေလုပ်ငန်းများ ရပ်နားရတော့မည့် အခြေအနေကို ဧပြီလဆန်းကတည်းက ကြုံတွေ့နေခဲ့ရခြင်းဖြစ်သည်။

**Source:** https://burma.irrawaddy.com/news/2020/05/14/222565.html

## ပြည်တွင်း စက်သုံးဆီဈေးနှုန်း ပြန်လည်မြင့်တက်လာ

ပြီးခဲ့သည့် လများအတွင်းက ပြည်တွင်း စက်သုံးဆီဈေးနှုန်းများမှာ ၁ လီတာလျှင် ကျပ် ၃၀၀ အောက်အထိ စံချိန်တင်ကျဆင်းခဲ့သော်လည်း ယခုရက်ပိုင်းအတွင်း တဖြည်းဖြည်း ပြန်လည်မြင့်တက်လျက်ရှိကြောင်း စက်သုံးဆီဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။ ယခုကဲ့သို့ ပြည်တွင်းစက်သုံးဆီဈေးနှုန်း ပြန်လည်မြင့်တက်လာခြင်းမှာ ကိုဗစ်-၁၉ ရိုက်ခတ်မှုကြောင့် ကျဆင်းခဲ့ရသည့် ကမ္ဘာ့ရေနံဈေးနှုန်း ပြန်လည်မြင့်တက်လာခြင်း၊ စင်ကာပူမှတင်သွင်းသည့် စက်သုံးဆီဈေး ပြန်လည် တက်သွားခြင်းတို့ကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၏ ရုံးအဖွဲ့မှူးဦးဝင်းမြင့်က ဧရာဝတီသို့ ပြောသည်။ ၎င်းက " အခုနောက်ပိုင်းဆိုရင် MOPS ဈေးတောင် ကြည့်လို့မရတော့ဘူး သက်ဆိုင်ရာ ပြည်ပကတင်သွင်းလာတဲ့ ကုမ္ပဏီတွေရဲ့ဝယ်ဈေးရောင်းဈေးအပေါ်မူတည်ပြီး ဈေးနှုန်းတက်လိုက်တာပါ။ တခြားအကြောင်းတော့မရှိပါဘူး။ နိုင်ငံခြားက ဈေးလေး နည်းနည်းပြန်တက်လာရင် ဒီမှာလည်း ဈေးနည်းနည်းလိုက်တက်တဲ့ သဘောပါ " ဟုဆိုသည်။

ပြီးခဲ့သည့် မေလ အစပိုင်းတွင် အောက်တိန်း ၉၂ တလီတာလျှင် ကျပ် ၂၉၀ ခန့်၊ အောက်တိန်း ၉၅ တလီတာ လျှင် ကျပ် ၄၃၀၊ ဒီဇယ် (500ppm) တလီတာလျှင် ကျပ် ၄၃၀ နှင့် ပရီမီယံဒီဇယ် တလီတာလျှင် ကျပ် ၄၄၀ သာရှိခဲ့ပြီး ယခုမေလ ၁၃ ရက်နေ့ ဈေးနှုန်းများအရ အောက်တိန်း ၉၂ တလီတာသည် ကျပ် ၆၀ ခန့် ပြန်လည်မြင့်တက်လျက်ရှိကာ ကျန်စက်သုံးဆီအမျိုးအစားများသည် ကျပ် ၃၀ မှ ၅၀ ဝန်းကျင်အထိ ဈေးနှုန်းပြန်လည်မြင့်တက်လျက်ရှိသည်။ မေလ ၁၃ ရက်နေ့ ပြည်တွင်း စက်သုံးဆီဆိုင်များ၏ ဈေးနှုန်းများအရ အောက်တိန်း ၉၂ တလီတာလျှင် ကျပ် ၃၆၀၊ အောက်တိန်း ၉၅ တလီတာလျှင် ကျပ် ၄၈၀၊ ဒီဇယ် (500ppm) တလီတာလျှင် ကျပ် ၄၅၀ နှင့် ပရီမီယံ ဒီဇယ်တလီတာလျှင် ကျပ် ၄၆၀ အထိ ဈေးနှုန်းပြန်လည်မြင့်တက်လာလျက်ရှိသည်။ ယခုဖော်ပြသော ဈေးနှုန်းများသည် ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်တချို့၏ ဈေးနှုန်းများဖြစ်သည်။

စက်သုံးဆီ ဈေးနှုန်းမှန်ကန်ရေးရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဖွင့်လှစ်ထားသော Yangon Petrol စက်သုံးဆီဆိုင်၏ မေလ ၁၃ ရက်နေ့ ဈေးနှုန်းများမှာ အောက်တိန်း ၉၂ တလီတာကို ကျပ် ၃၂၀၊ အောက်တိန်း ၉၅ တလီတာကို ကျပ် ၄၆၀၊ ဒီဇယ် (500ppm) တလီတာကို ၄၂၀ နှင့် ပရီမီယံ ဒီဇယ်တလီတာကို ကျပ် ၄၃၀ ရှိကြောင်း သိရသည်။ ဧပြီလအတွင်း ကမ္ဘာ့ရေနံဈေးကွက်တွင် ၁ စည်ကို အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာအောက်အထိကျဆင်းခဲ့သော ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းသည် ယခုမေလအစပိုင်းမှစတင်ကာ အမေရိကန်ဒေါ်လာ ၂၅ ဒေါ်လာအထိ တဖြည်းဖြည်းပြန်လည် မြင့်တက်လာသည်။

**Source:** https://burma.irrawaddy.com/business/2020/05/13/222501.html

## သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များကို အွန်လိုင်းမှ ရောင်း/ဝယ်ရန်စီစဉ်

ပြည်တွင်းထွက် သစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်များကို အွန်လိုင်းမှရောင်းဝယ်သည့်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဟု မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းသူများအသင်း (MFVP) အတွင်းရေးမှူး ဦးကျော်သူက ဧရာဝတီသို့ပြောသည်။ "အခုလ ၂၀ ရက် လောက်ဆိုရင် Google Play Store ကနေ MFVP ရဲ့E-commerce platform Mobile App လေးကို Download လုပ်လို့ ရပြီ။ နောက်တပတ်ကြာရင် Download လုပ်လို့ ရပြီ။ Level

လေးခုလောက်ခွဲ ထားတယ်။ Level 1 ကတော့ ဘယ်သူမဆို သုံးလို့ ရတယ်။ Facebook အကောင့်၊ Google အကောင့်ကနေ ဖုန်းနံပါတ် တခုခုနဲ့ မှတ်ပုံတင် (Registar) လုပ်တာနဲ့ ရတယ်။ ဒါက ဝယ်တဲ့သူတွေအတွက် ဖြစ်တယ်။ Level 2 ကတော့ ရောင်းတဲ့သူတွေ အတွက် ဖြစ်တယ်" ဟု ၎င်းကပြောသည်။

အဆိုပါ အွန်လိုင်းစနစ်ကိုစတင်ရခြင်းမှာ ပြည်တွင်း၌ COVID-19 ကြောင့် Home Stay နေထိုင်ရခြင်း၊ Semi Lockdown နေရခြင်းများအတွက် လွယ်လွယ်ကူကူဝယ်ယူနိုင်ရန်နှင့် လတ်တလောတွင်တောင်သူများအနေနှင့် ခရမ်းချဉ်သီးများ ရောင်းမရ၍ စွန့်ပစ်ရခြင်းများရှိနေ၍ ၎င်းတို့အတွက် ဈေးကွက်တခုရရှိစေရန်ရည်ရွယ်၍ အသင်းကဦးဆောင်ပြုလုပ်ခြင်း ဖြစ်ကြောင်း သူကရှင်းပြသည်။ ဆက်လက်၍ ဦးကျော်သူက "ဒီလို တိုက်ရိုက်ရောင်းချခြင်းကြောင့် ရောင်းသူရော ဝယ်သူရော အဆင်ပြေမယ်။ ဈေးလည်း သက်သက်သာသာနဲ့ရမယ်။ နောက်ပိုင်းမှာ အများအတွက် ပြည်တွင်း လက်ကားဈေးကွက်ရော၊ ပြည်ပ ဈေးကွက်ရောချဲ့မယ်။ အိတ်စပို့သွားနိုင်ဖို့အတွက်ထိပါလုပ်မယ်။ ဘာသာစကားသုံးခုလောက်နဲ့ လုပ်နိုင်အောင်ပြင်မယ်။ နိုင်ငံခြားသားပါတွေ ဝယ်ယူနိုင်တဲ့အထိ လုပ်သွားဖို့ရည်ရွယ်ထားတယ်" ဟု ပြောပြသည်။

မေလ ၂၀ ရက်၌ အွန်လိုင်းမှ စတင် ရောင်းဝယ်မှုပြုလုပ်စဉ်တွင် ဝယ်ယူသူများအနေနှင့် ငွေပေးချေမှုကို Mobile Money နှင့်လည်းကောင်း၊ Cash ငွေပေးချေခြင်း (အိမ်အရောက် ငွေချေစနစ်) ဖြင့် စတင်လုပ်ဆောင်သွားမည်ဖြစ်သည်။ အဆိုပါ ရောင်းခြင်း၊ ဝယ်ခြင်းကို မြန်မာတနိုင်ငံလုံး ပြုလုပ်နိုင်မည်ဖြစ်ပြီး အိမ်အရောက်ပို့ဆောင်ခြင်း (Delivery) တွင် ရန်ကုန်ကို အဓိကထား လုပ်ဆောင်မည်ဖြစ်သည်။ ဒုတိယဦးစားပေးအနေနှင့် နေပြည်တော်နှင့်မန္တလေးမြို့တို့ကို ဆောင်ရွက်သွားမည် ဖြစ်ပြီး ကျန်သည့်မြို့များကို ကားဂိတ်အရောက်ပို့စနစ် လုပ်ဆောင်မည်ဖြစ်ကြောင်း ဦးကျော်သူကပြောသည်။ နောက်ပိုင်း၌ ငွေပေးချေခြင်းကို AYA Pay၊ Wave Money တို့လို ငွေပေးချေမှု စနစ်များနှင့် သော်လည်းကောင်း MPU ကတ်မှ တဆင့် E-Commerce ကဲ့သို့ ငွေပေးချေခြင်းတို့ဖြင့် ဝယ်ယူနိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ဒဂုံဆိပ်ကမ်း မြို့နယ်အတွင်း၌ ဟင်းသီးဟင်းရွက်များကို ကားဖြင့်လှည့်လည်ရောင်းချနေစဉ် / Thet Hnin / ရောဝတီသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်များကို အွန်လိုင်းမှမည်သူမဆိုဝယ်ယူနိုင်မည်ဖြစ်ပြီး ရောင်းချလိုသော တောင်သူ၊ ကုန်သည်များ အနေနှင့် MFVP အသင်းဝင်ဖြစ်ရမည်ဖြစ်သည်။

အသင်းဝင်လျှောက်ထားလျှင် စိုက်ပျိုးထုတ်လုပ်သူဖြစ်ပါက စိုက်ဧက၊ သီးနှံအမျိုးအစား၊ အထွက်နှုန်းစသည့် အခြေခံ အချက်အလက်များနှင့် ကိုယ်ရေးအကျဉ်း ဖြည့်စွက်ရမည်ဖြစ်ပြီး အသင်းဝင်ကြေး ကျပ် ၁ သောင်းနှင့်နှစ်စဉ်ကြေး ကျပ် ၅ ထောင်သွင်းရမည် ဖြစ်ကာ ယခု ဈေးရောင်းချမည့် အပလီကေးရှင်းထဲမှာပင်ပေးသွင်း၍ ဝင်ရောက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ထိုသို့ အပလီကေးရှင်းဖြင့်ရောင်းချမည့် ဟင်းသီးဟင်းရွက်၊ ပန်းမန်နှင့်သစ်သီးဝလံများ ဝယ်ယူနိုင်သည့် ပမာဏကိုမူ ကန့်သတ်ထားခြင်းမရှိကြောင်း ပို့ဆောင်သည့် မြို့နယ်အလိုက် ပို့ဆောင်ခ (Delivery) ပေးဆောင်ရမည်ဖြစ်ကြောင်းသိရသည်။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ဆန်းရပ်ကွက် Macro လက်လီလက်ကားရောင်းချသည့် စင်တာအနီးရှိ ဂိုဒေါင်များမှတဆင့် ဖြန့်ဖြူးရောင်းချမည်ဖြစ်သည့်အတွက် ထိုအနီးအနားမှာ ဝယ်ယူသူများအနေဖြင့် ပို့ဆောင်ခသက်သာမည်ဖြစ်ကြောင်း ဦးကျော်သူကဆိုသည်။ ၎င်းက "Delivery ခကတော့ မြို့နယ်အလိုက်ကျသင့်မယ်ထင်တယ်။ ဒါက နည်းပညာ ဆောင်ရွက်တဲ့ အပိုင်းကလုပ်တာ။ အတိအကျတော့ မသိသေးဘူး။ ကျနော်တို့က Management လုပ်တဲ့အပိုင်း ဖြစ်တယ်။ ရောင်းတဲ့ဘက်တော့ အစည်းရေ၊ ကီလိုဂရမ်အလေးချိန်နဲ့ တင်ရောင်းမှာပေါ့။ အသီးတွေလည်းပါတော့ ဥပမာ-သရက်သီးဆိုတလုံးဘယ်လောက် ပေါ့။ ဝယ်သူဘက်ကိုတော့ ဘယ်လောက်ဝယ်ရမယ်လို့ ကန့်သတ်မထားဘူး" ဟုပြောသည်။

လက်ရှိတွင်လည်း ရပ်ကွက်အတွင်းဖြစ်စေ၊ အိမ်ရှေ့အရောက်ဖြစ်စေ ကား သို့မဟုတ် တွန်းလှည်း၊ ဆိုင်ကယ်များဖြင့် လိုက်လံလှည့်လည်ရောင်းချသည့် ဈေးသည်များလည်းရှိနေ၍ ဟင်းသီးဟင်းရွက်များကို ယင်းစနစ်ဖြင့် ရောင်းချမည်ဆိုပါက ပုံမှန်ထက် သက်သာသောနှုန်းထား သို့မဟုတ် သက်သာသောပို့ဆောင်ခနှုန်းထားဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း အိမ်ရှင်မ များကဆိုသည်။ ဒဂုံဆိပ်ကမ်းမြို့နယ်နေ အိမ်ရှင်မတဦးက "ဟင်းသီးဟင်းရွက်တော့ မဟုတ်ဘဲနဲ့ သရက်သီး၊ လိုက်ချီး၊ ဒူးရင်းသီးစတဲ့ အသီးအနှံတွေဆို အွန်လိုင်းကပဲ မှာစားတာများတယ်။ ပို့ခပေးနေရပေမယ့် ကိုယ်တိုင်သွားမဝယ်နိုင်တာရယ် အဲဒီ အသီးတွေက နေရာတိုင်းရဖို့ မလွယ်တာကြောင့်ပါ။ အခုက ဟင်းသီးဟင်းရွက်က ရပ်ကွက်ဈေးမှာပဲ လွယ်လင့်တကူ ဝယ်လို့ရ နေတော့ သူတို့ကလည်း စိုက်ပျိုးတဲ့သူတွေ ကိုယ်တိုင်တိုက်ရိုက်ရောင်းမှာဆိုတော့ ဈေးမှာရောင်းတာထက် အများကြီး

ဈေးသက်သာနေမှ ဝယ်ကြမှာပါပဲ။ နည်းနည်းလေး ဝယ်တဲ့သူတွေထက် လက်ကားပြန်ရောင်းမယ့်သူတွေ ဝယ်ကြတာက ပိုကိုက်မယ်ထင်တယ်။ အခြေအနေကိုတော့ စောင့်ကြည့်ရမှာပေါ့” ဟုပြောသည်။ လက်ရှိတွင်လည်း အွန်လိုင်းမှ အပလီကေးရှင်းစနစ်ဖြင့် ရောင်းချနေသည့် Shop.Com ကဲ့သို့ ပို့ဆောင်ခနှုန်းထားကို အများအားဖြင့် ရာဂဏန်းဝန်းကျင်ဖြင့်သာ သတ်မှတ်ထားပါက အိမ်ရှင်မများအတွက် ဝယ်ယူရန် ပိုမို အဆင်ပြေနိုင်ကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံ စားသုံးသူကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်က “အခုလိုမျိုး ရောင်းရင် အသင်းတွေမှာလည်း အစိုးရက သတ်မှတ်ထားတဲ့ အာဆီယံက သတ်မှတ်ထားတဲ့စံချိန်စံညွှန်းတွေရှိတယ်။ ဒါတွေကို လိုက်နာပါ့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်တွေ ပြတ်သားဖို့လိုတယ်။ သူတို့က ထုတ်လုပ်ရောင်းချမယ့်အပေါ်မှာ ကျနော်တို့ စားသုံးသူတွေက စိတ်ချလက်ချမှီခိုစားသောက်ရမယ့် အပေါ်မှာရှိတယ်” ဟု ဧရာဝတီသို့ပြောသည်။ ဆက်လက်၍ ၎င်းက “တာဝန်ယူမှု တာဝန်ခံမှုနဲ့ အစားအသောက်ကို အွန်လိုင်းကလုပ်တဲ့သူတွေရော ထုတ်လုပ်တဲ့သူတွေ အစိုးရတာဝန်ရှိတဲ့သူတွေက လုပ်ပေးပါလို့တောင်းဆိုချင်တယ်။ မလုပ်ပေးမှာကိုလည်း စိုးရိမ်တယ်။ ခက်ခဲနေတဲ့အချိန်မှာ ဒါမျိုးတွေကို အရင်ထဲက ကျနော်တို့က အကျင့်ပါအောင် လုပ်မထားဘူး။ အခုက မျက်ကွယ်ရာမှာလည်း ဖြစ်နေတယ်။ ဖြစ်သွားပြီးရင် Sorry နဲ့ ပြီးလို့မရဘူး။ ဖြစ်လာရင်တာဝန်ယူမှု ဘယ်လိုရှိမလဲဆိုတာ အရေးကြီးတယ်” ဟု အွန်လိုင်း ရောင်းချမှုနှင့်ပတ်သက်၍ သုံးသပ်ပြောကြားသည်။

ယခုကဲ့သို့ COVID-19 ကာလတွင် Stay at Home များလာသည့်အခါ အွန်လိုင်းမှ ဈေးရောင်းချခြင်းများလည်း များလာသောကြောင့် ကုန်ပစ္စည်း အရည်အသွေး သတ်မှတ်ချက်များကို စံချိန်စံညွှန်း ပြည့်မီစွာနှင့် စားသုံးသူလက်ထဲသို့ အရောက်ပို့ဆောင်ရန် လိုအပ်ကြောင်း ဦးမောင်မောင်က ထောက်ပြပြောဆိုသည်။ လက်ရှိအချိန်တွင် ရောဂါကူးစက်မည်စိုး၍ ဈေးသို့သွားမည်ဆိုပါက ယခင်ကလို မကြာခဏမသွားတော့ဘဲ တခါသွားလျှင် တပတ်စာခန့် ဝယ်ယူစုဆောင်းမှုများပြုလုပ်ခြင်း၊ အွန်လိုင်းမှသစ်သီးဝလံများ၊ ဟင်းသီးဟင်းရွက်များ တိုက်ရိုက်ရောင်း ချပေးသူများထံမှ ဝယ်ယူခြင်းတို့အပြင် ဈေးဝယ်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများလည်း ပေါ်ပေါက်လာကြောင်း အိမ်ရှင်မများကဆိုသည်။

**Source:** https://burma.irrawaddy.com/news/2020/05/14/222570.html

## အိန္ဒိယ- မြန်မာ နယ်စပ်ကုန်သွယ်ရေးဂိတ်များ မေလကုန်ထိပိတ်မည်

COVID-19 ကာကွယ်ထိန်းချုပ် ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ ညွှန်ကြားချက်အရ မြန်မာ- အိန္ဒိယနယ်စပ်ကုန်သွယ်ရေးဂိတ်များဖြစ်သည့် တမူး- မိုးရေးဂိတ်နှင့် ချင်းပြည်နယ် ရိဒ်နယ်စပ်ဂိတ်တို့ကို မေလကုန်ထိ တိုးမြှင့်ပိတ်သွား မည်ဖြစ်ကြောင်းသိရသည်။ ကလေး-တမူးနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးလှမောင်က “ကော်မတီရဲ့ ညွှန်ကြားချက်အရပိတ်တာဖြစ်ပါတယ်။ အိန္ဒိယဘက်ကတော့ မေလ ၁၇ ရက်အထိ Lockdown လုပ်ထားတယ်။ သူတို့လည်း ဆက်လုပ်မယ်လို့ထင်ပါတယ်။ ပြောလို့တော့မရသေးဘူး။ မြန်မာဘက်က အခုကိုဗစ်အခြေအနေကြောင့်ပိတ်လိုက်တာ”ဟု ဧရာဝတီသို့ပြောသည်။

မြန်မာ-အိန္ဒိယနယ်စပ် ကုန်သွယ်ရေးဂိတ်သည် ယခင်က ၁ ရက်၊ ၂ ရက်သာ ပိတ်လေ့ရှိသော်လည်း ကိုဗစ်-၁၉ ကြောင့် မတ်လ ၁၀ ရက်မှ မေလ ၁၇ ရက်အထိ ပိတ်ထားရာမှ ယခုပိတ်ရက် ထပ်မံတိုးမြှင့်ခြင်း ဖြစ်ကြောင်း ၎င်းကပြောသည်။ “အရင်တုန်းကလည်း ကျနော်တို့ နိုင်ငံဘက်ကသာ ဖွင့်ထားတာ။ ကျနော်တို့နဲ့ ဆက်စပ်တဲ့ မဏိပူရ်ရဲ့ မိုးရေးနဲ့ အင်ပါးရှား ◌ှာ သူတို့နိုင်ငံတွင်းမှာ ◌ှိတဲ့ ပါတီတွေက ခဏခဏ မ်းပိတ်တာ ဆို့တာ ရက်ရှည် ◌ုပ်ခဲ့တာတွေ ◌ှိတယ်။ အခုကတော့ ကိုဗစ်ကြောင့် ပိတ်တာ။ သူတို့နိုင်ငံရော ကျနော်တို့ ◌ိုင်ငံရော။ လတ်တလောတော့ အလုပ်မဖြစ်ဘူးပေါ့”ဟု ဦးလှမောင်က ရှင်းပြသည်။ သို့သော်လက်ရှိ အိန္ဒိယဘက်မှ မေလ ၁၇ ရက်တွင် ပြန်ဖွင့်ပါက ဖွင့်သင့်၊ မဖွင့်သင့်ကို ကုန်သည်များမှ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့်ညှိနှိုင်းပြီး COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီသို့တင်ပြပြီး အချိန်ဆောလျင်စွာ ဖွင့်ရန်လိုအပ်ပါက ဖွင့်သွားမည်ဖြစ်ကြောင်း ဦးလှမောင်ကပြောသည်။ တမူး နယ်စပ်ကုန်သွယ်ရေးဇုန်သို့ ကလေးဘက်မှလည်း ကုန်သွယ်မှုလုပ်ကြသည့်အတွက် နေ့စဉ် လူဦးရေသောင်းဂဏန်းအထိ လာရောက် အလုပ်လုပ်ကိုင် ကြကြောင်း၊ မြန်မာဘက်မှ ကွမ်းသီးအဓိကတင်ပို့ပြီး အိန္ဒိယဘက်မှ လူသုံးကုန်၊ ပါတိတ်အစရှိသည်တို့တင်သွင်းကြောင်း သိရသည်။ မြန်မာ-အိန္ဒိယနယ်စပ်ဂိတ်ကို အိန္ဒိယဘက်မှ မတ်လ ၁၀ ရက်က စတင်ပိတ်သော်လည်း မြန်မာနိုင်ငံဘက်က ဧပြီ ၁၄ ရက်မှသာ တရားဝင် စတင်ပိတ်ထားခဲ့ပြီး လက်ရှိကိုဗစ်ရောဂါအခြေအနေများကြောင့် မေလအကုန်အထိ ဆက်လက်ပိတ်ထားခြင်းဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက် အမြဲတမ်းအတွင်းဝန် ဦးခင်မောင်လွင်က “တမူးနယ်စပ် ကုန်သွယ်ရေးဂိတ် နေ့စဉ်ပျမ်းမျှကုန်သွယ်မှုက အမေရိကန်ဒေါ်လာ ၁ သိန်းလောက်ရှိတယ်။ တမူး နယ်စပ်ကတော့ ပို့ကုန် အဓိကထားပြီး သွင်းကုန်ကနည်းတယ်။ မြန်မာက စားတော်ပဲ၊ သကြား စတာတွေ ပို့ပြီး သွင်းကုန်အနေနဲ့က ဓာတ်မြေဩဇာတို့ အချိုရည်တို့ကတော့ နေ့စဉ်ဒေါ်လာ ထောင်ဂဏန်းလောက်ပဲရှိတယ်”ဟု ဧရာဝတီသို့ပြောသည်။

လက်ရှိတွင် ကုန်သွယ်ရေးဂိတ် ပိတ်ထားသည်မှာ ၂ လ နီးပါးရှိနေသည့်အတွက် ကုန်သွယ်မှု ပမာဏမှာ ပျမ်းမျှ အမေရိကန် ဒေါ်လာ ၅ သန်းကျော် ဆုံးရှုံးမှုရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စာရင်းများအရသိရသည်။ တမူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းအောင်က “တရားဝင်ဂိတ် ၂ ခုက ဒီလကုန်တဲ့အထိ ပိတ်ထားတယ်။ ကုန်သွယ်မှုက မရှိတော့ဘူး။ ဒါကြောင့် လက်လုပ်လက်စားတွေအတွက် စားနပ်ရိက္ခာ ၅ မျိုး ထောက်ပံ့တာတွေလည်း ဆောင်ရွက် ပါတယ်။ အစိုးရက ထောက်ပံ့တာရော အရပ်ဘက်က အလှူခံလို့ ရတာနဲ့ရော ထောက်ပံ့ပါတယ်”ဟု ဧရာဝတီ သို့ ပြောသည်။

တမူးမြို့တွင် မြန်မာ-အိန္ဒိယနယ်စပ်မှာ အမှတ် ၁ ဂိတ်နှင့် အမှတ် ၂ ဂိတ်ဟူ၍ ဂိတ်နှစ်ဂိတ်ရှိပြီး နယ်စပ်ဂိတ်များ တရားဝင် ပိတ်အောင် ဒေသခံများနှင့်တာဝန်ရှိသူများ ညှိနှိုင်းဆုံးဖြတ်ခဲ့ကြပြီး နယ်စပ်ဂိတ်ပြန်လည်ဖွင့်လှစ်ရန် အိန္ဒိယဘက်က အခြေအနေများ စောင့်ကြည့်၍ ကော်မတီသို့ တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://burma.irrawaddy.com/news/2020/05/09/222259.html

## ငဖဲမြို့နယ်၌ ကော်ဖီစိုက်ဧက ၁၄၂ ဒသမ ၃၆ ဧက အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် တောင်ပေါ်ဒေသတွင်ကော်ဖီစိုက်ဧက ၁၄၂ ဒသမ ၃၆ ဧက စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း လျက်ရှိကြောင်းသိရသည်။ ငဖဲမြို့နယ်တောင်ပေါ် (နတ်ရေကန်)ဒေသသည် ပင်လယ်ရေမျက်နှာ ပြင်အမြင့်ပေ ၃၈၁၉ ပေတွင် တည်ရှိပြီး ကော်ဖီ၊ လက်ဖက်၊ ထောပတ်၊ ကမ္ဘလာ၊ ရှောက်ချို၊ ငှရက်၊ ငှက်ပျော စသည့် နှစ်ရှည်သီးနှံပင်များကို အများဆုံးစိုက်ပျိုးကြသည်။ ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ နတ်ရေကန် (ကော်ဖီခြံ) တွင် အာရေဗီးကား (ဗီယက်နမ်)မျိုးကုန်းမြင့်ကော်ဖီ ၂၉ ဒသမ ၃၆ ဧကစိုက်ပျိုးထားပြီး တောင် ပေါ် ဒေသကျေးရွာများတွင် ပုဂ္ဂလိက စိုက်ဧက ၁၁၃ ဧကစိုက်ပျိုးထားသည်။

အရည်အသွေးမြင့် ရောင်းတန်းဝင်ကော်ဖီအဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တောင်သူနည်းပညာပေးသင်တန်း နှစ်ကြိမ်နှင့် ကွင်းသရုပ်ပြပွဲ သုံးကြိမ်သင်ကြားပြသပေးကြောင်း၊ နှစ်စဉ်ကော်ဖီစိုက်ဧကတိုးတက်ခဲ့ပြီး အထွက်နှုန်းတိုးတက် လာခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ၄၅ တန်နီးပါးထွက်ရှိပြီး နှစ်စဉ် သိန်း ၁၅၀၀ ခန့် တောင်သူများဝင်ငွေရရှိကြောင်း၊ ကော်ဖီပင်နှင့် ဆက်စပ်၍ ထောပတ်၊ ဝဥ၊ လိုက်ချီး၊ လက်ဖက်နှစ်ရှည်သီးနှံပင်များ ကြားညှပ်စိုက်ပျိုးကြ၍ တောင်ပေါ်ဒေသခံ ပြည်သူများ မိသားစုစားဝတ်နေရေးအဆင်ပြေကြောင်း၊ ယခု ကိုဗစ်-၁၉ ကာလတွင် ဌာနအနေဖြင့် တစ်ပတ်လျှင် ကျေးရွာ သုံးရွာမှတောင်သူများအား တစ်ရက်လျှင် နှစ်ဦးနှုန်းခေါ်ယူ၍ ကော်ဖီမြေပြုပြင်ခြင်း၊ စိုက်ကျင်းတူးခြင်း၊ ရေခံ တားကျင်းများ ဆောင်ရွက်ခြင်း၊ သဘာဝမြေဩဇာပြုလုပ်နည်းများ သင်ကြားပြသပေးကြောင်း၊ ယခုနှစ်မိုးရာသီအမီ တောင်သူ များ စိုက်ပျိုးနိုင်ရေးအတွက် ကော်ဖီခြံတွင် ကော်ဖီပင်နှင့်အခြားအရိပ်ရပျိုးပင်ပေါင်း ၆၀၀၀၀ ကျော် ပျိုးထောင်ထား ရှိပြီး အချိန်မီ ဖြန့်ဝေပေးသွားမည်ဖြစ် ကြောင်း ကော်ဖီခြံတာဝန်ခံ ဦးဇော်သိန်းကပြောသည်။

ငဖဲမြို့နယ် နတ်ရေကန်(ကော်ဖီခြံ)မှ တစ်နှစ်လျှင် ကော်ဖီစေ့ ၂ ဒသမ ၅ တန်နှင့် ပုဂ္ဂလိကစိုက်ခင်းများမှ ၄၂ ဒသမ ၅ တန် စုစုပေါင်း ၄၅ တန်ထွက်ရှိပြီး ယင်းကော်ဖီများကို ရွာငံ၊ ရေနံချောင်းနှင့် ပြင်ဦးလွင်မြို့နယ် ဈေးကွက်များသို့ တစ်တန်လျှင် သိန်း ၃၀ နှုန်းဖြင့် တင်ပို့ရောင်းချရကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## သရက်သီးနှင့်အတူ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်၍ ဈေးကွက်အတွင်း တွဲဖက်ရောင်းချနိုင်ရန် ကြိုးစားလုပ်ဆောင်သင့်



သရက်စိုက်တောင်သူများအနေဖြင့် သရက်ဈေးကွက်အတွင်း သရက်သီးနှင့်အတူ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်၍ တွဲဖက်ရောင်းချနိုင်ရန် ကြိုးစားလုပ်ဆောင်သင့်ကြောင်း မြန်မာနိုင်ငံ သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောကြားသည်။ ယခုနှစ်သရက်သီးရာသီချိန်တွင် သရက်စိုက် တောင်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါအခြေအနေ ကြောင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ပို့ဆောင်မှုအခက်အခဲများ ဖြစ်ပေါ်ကာ ဈေးနှုန်းကျဆင်းမှုများနှင့်ကြုံတွေ့နေရသဖြင့် ဈေးကွက် အခြေအနေ ကောင်းမွန်ခြင်းမရှိကြောင်းသိရသည်။

"ဒီနှစ် သရက်ဈေးကွက်က တင်ပို့မှုအခက်အခဲတွေ ကြောင့် အရင်နှစ်တွေက 16 Kg တစ်ခြင်းကို ပုံမှန် တရုတ် ဝမ်ငွေ ၁၆၀ ကနေ ၁၇၀ လောက်ရခဲ့ပေမယ့် ဒီနှစ်မှာတော့ တစ်ခြင်းကို ဝမ်ငွေ ၁၂၀ ကနေ ၁၄၀ လောက်နဲ့ပဲ ရောင်းနေ ရတယ်။ ဒါ့အပြင် မူဆယ်ရောက်ရင် ကားချိန်းပြီးမှ တရုတ်ပြည်ထဲအထိ တင်ပို့ရောင်းချနေရလို့ အခက်အခဲတွေ ကြုံတွေ့နေရပြီး လက်ရှိကာလမှာ တရုတ်ငွေဈေးကလည်း ကျဆင်းနေတဲ့အတွက် ဈေးကွက်အခြေအနေ မကောင်းဘူးလို့ပြောလို့ရပါတယ်။ ဒါကြောင့် သရက်သီးကို အနှစ်ကနေ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တဲ့လုပ်ငန်းနဲ့ တွဲဖက်မလုပ်ဘူးဆိုရင် အရှုံးနဲ့ပဲတောက်လျှောက်ရင်ဆိုင်နေရမှာပါ။ သရက်ဈေးကွက်မှာ ဒီလိုအလားတူအဖြစ်အပျက်တွေလည်း အများကြီးကြုံတွေ့ခဲ့ရပြီးဖြစ်တဲ့အတွက် ဝယ်လို့၊ ရောင်းလို့ရတဲ့ အရည်အသွေးကောင်းအသီးတွေကိုရောင်းပြီး အရည်အသွေးမပြည့်မီတဲ့အသီးတွေကို သရက်ယိုု၊ သရက်ခြောက်နဲ့ အနှစ်တွေထုတ်ပြီး တန်ဖိုးမြှင့်ထုတ်လုပ်နိုင်မယ်ဆိုရင် အမြိုက်ထဲကရွှေဖြစ်လာမှာပါ။ ဒီလိုမလုပ်ထားရင် လွှင့်ပစ်ရမယ့်အနေထားမှာရှိပါတယ်။ ဒါကြောင့် သရက်သီးဈေးကွက်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တဲ့လုပ်ငန်းနဲ့ တွဲဖက်ပြီး လုပ်ဆောင်ကြပါလို့ အကြံပြုချင်ပါတယ်" ဟု ၎င်းကပြောသည်။

ထို့ပြင် ယခုနှစ်တွင် သရက်သီးအား တရုတ်နိုင်ငံသို့ တင်ပို့ရန်အခက်အခဲများကြောင့် ပြည်တွင်းဈေးကွက်၌ သရက်သီးကို ဈေးနှုန်းချိုသာစွာဖြင့် သရက်သီးများအား ပေါများစွာစားသုံးလာနိုင်သည့်အပြင် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် လူငယ်များတီထွင်ဖန်တီးထားသည့် အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသော အွန်လိုင်းဈေးကွက်စနစ်တစ်ခု ပေါ်ထွန်းလာခဲ့သည့်အတွက်လည်း လက်ခံ ကြိုဆိုပါကြောင်းနှင့် လက်ရှိတွင် လေယာဉ်ခရီးစဉ်များ ပိတ်ထားခဲ့သော်လည်း စင်ကာပူနှင့် တရုတ်နိုင်ငံအတွင်းပိုင်းသို့ သရက်သီးများကိုရေကြောင်းလိုင်းဖြင့် အဆင်ပြေစွာတင်ပို့ရောင်းချမှုများရှိကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

မြန်မာထွက်ကုန်သရက်သီးကို နိုင်ငံတကာဈေးကွက်သို့ တိုးချဲ့တင်ပို့ရောင်းချနိုင်ရန်ရည်ရွယ်၍ ယခင်နှစ်များက သရက်သီး အစုအဖွဲ့များ ပူးပေါင်းစီစဉ်ကျင်းပခဲ့သည့် သရက်သီးပွဲတော်ကိုလည်း လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ယခုနှစ်တွင် အဆိုပါပွဲတော်အား ကျင်းပရန်အစီအစဉ်မရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## သီလဝါအထူးစီးပွားရေးဇုန်နဲ့ ဂျပန်အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်း

နံနက်ခင်း နေရောင်ဖြာဝေကျဆင်းမှုကြောင့် သီလဝါအထူးစီးပွားရေးဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများရဲ့မြင်ကွင်းက ထင်ထင်လင်းလင်းရှိနေပါတယ်။ ရန်ကုန်မြို့ရဲ့ တစ်ခုတည်းသော အထူးစီးပွားရေးဇုန်ဖြစ်သလို မြန်မာနိုင်ငံရဲ့ အဖွံ့ဖြိုးအတိုးတက်ဆုံး အထူးစီးပွားရေးဇုန်လည်းဖြစ်ပါတယ်။ ဒီအထူးစီးပွားရေးဇုန်မှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေနဲ့ စီးပွားရေးလုပ်ငန်းတွေအတော်များများဟာလည်း လည်ပတ်နေကြဖြစ်တာမို့ သီလဝါအထူးစီးပွားရေးဇုန်ဟာ ရန်ကုန်မြို့သာမကဘဲ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားတစ်ခုအဖြစ် တဖြည်းဖြည်းဖြစ်တည်လာနေပါတယ်။ ဒီလို

အခြေအနေတွေနဲ့အတူ လာမယ့် ၂၀၂၇ ခုနှစ်မှာ အသက်ဝင်လာဖို့ရှိတဲ့ ဂျပန်နိုင်ငံရဲ့ အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဟာ သီလဝါအထူးစီးပွားရေးဇုန်အနေနဲ့ အခြေခံကျတဲ့နေရာတစ်ခုအဖြစ် တည်ရှိလာမှာဖြစ်ပါတယ်။



မြန်မာနိုင်ငံစီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအမျိုးအပြားမှာ ကူညီမှုတွေအများဆုံးပေးနေတဲ့ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံကို အခြေပြုပြီး အာဆီယံမြောက်ပိုင်း ငါးနိုင်ငံကိုချိတ်ဆက်ကာ စီးပွားရေးစင်္ကြံနှစ်ခုဖြစ်တဲ့ အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းနဲ့ တောင်ပိုင်းစီးပွားရေး စင်္ကြံလမ်းတွေကို အကောင်အထည်ဖော် ပြုလုပ်နေပြီဖြစ်ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်ဟာ ရန်ကုန်မြို့ရဲ့ အရှေ့တောင်ဘက် ကီလိုမီတာ ၂၀ ခန့် အကွာမှာတည်ရှိပြီး ဇုန်ရဲ့စုစုပေါင်း အကျယ်အဝန်းဟာ ဟက်တာပေါင်း ၂၄၀၀ ခန့်ရှိပါတယ်။ စီမံကိန်း အပိုင်း(၁)အတွက် ဟက်တာ ၄၀၀ ခန့်ရှိပြီး စီမံကိန်းအပိုင်း(၂)အတွက် ဟက်တာ ၂၀၀၀ ခန့် ကျယ်ဝန်းပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်ကို မြန်မာနဲ့ ဂျပန်နှစ်နိုင်ငံအစိုးရနဲ့ နှစ်နိုင်ငံကုမ္ပဏီတွေက စုပေါင်းအကောင်အထည်ဖော်ခဲ့ကြတာဖြစ်ပါတယ်။

JICA ရဲ့ ထည့်ဝင်မြှုပ်နှံမှုတွေပါဝင်ဒီလို အကောင်အထည်ဖော်ကြတဲ့အခါ မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေး လီမိတက်(MJTD)ကို ၂၀၁၃ ခုနှစ် အောက်တိုဘာလမှာ ထူထောင်ခဲ့ကြပါတယ်။ MJTD ဟာ မစ်ဆူဘီရှီ၊ မာရူဘီ၊ ဆုမိတိုမို သီလဝါဖွံ့ဖြိုး တိုးတက်ရေးလီမိတက် (MMST)၊ မြန်မာသီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ထောင်ရာမှာ ပါဝင်တဲ့ အများပိုင် ကုမ္ပဏီ (MTSH) နဲ့ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ (TSMC) တို့ပါဝင်ပြီး သီလဝါမှာ စက်မှုလက်မှုလုပ်ငန်းနေရာတွေ တည်ဆောက်ဖော်ဆောင်တာ၊ ရောင်းချတာနဲ့ ဖွင့်လှစ်တာတွေပြုလုပ်ဖို့ ရည်ရွယ်ချက်နဲ့ထားတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ MJTD မှာ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ရဲ့ ထည့်ဝင်မြှုပ်နှံမှုတွေလည်းပါဝင်ထားပါတယ်။ အခုဆိုရင် သီလဝါအထူးစီးပွားရေးဇုန်မှာ နိုင်ငံပေါင်း ၁၈ နိုင်ငံကျော်မှ ကုမ္ပဏီပေါင်း ၁၀၀ ကျော်တို့က ရင်းနှီးမြှုပ်နှံလျက်ရှိပြီး စက်ရုံပေါင်း ၇၂ ရုံကျော်က စီးပွားဖြစ်လည်ပတ်လျက်ရှိကာ ရင်းနှီးမြှုပ်နှံမှုပေါင်း အမေရိကန် ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံကျော်ရှိနေပြီဖြစ်တယ်လို့ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှသိရသည်။

ဒီလိုစီးပွားရေးလုပ်ငန်းတွေ၊ စက်ရုံအလုပ်ရုံတွေ လည်ပတ်နေပြီဖြစ်တဲ့ သီလဝါအထူးစီးပွားရေးဇုန်ကြောင့် ရန်ကုန်မြို့ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းလာသလို လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေလည်း များလာပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ရန်ကုန်မြို့ သီလဝါအထူးစီးပွားရေးဇုန်ကို အခြေပြုမှုတစ်ခုအနေနဲ့ ဂျပန်နိုင်ငံရဲ့ အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်း ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းက အသက်ဝင်လာဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းအဲဒီစီမံကိန်းဟာ ရန်ကုန်မှာရှိတဲ့ သီလဝါအထူးစီးပွားရေးဇုန်၊ ပဲခူး၊ မော်လမြိုင်တို့က တစ်ဆင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတွေကိုဖြတ်ပြီး ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့အထိ ဆက်သွယ်မယ့်စင်္ကြံလမ်းဖြစ်ပါတယ်။ အဲဒီစင်္ကြံလမ်းဟာ ရန်ကုန်-မော်လမြိုင် လမ်းပေါ်မှာရှိတဲ့ စစ်တောင်းမြစ်ကူးတံတားကိုလည်း ဖြတ်သန်းမှာဖြစ်တာမို့ တံတားတည်ဆောက်မှုက ၂၀၂၆-၂၀၂၇ ခုနှစ်လောက်မှာပြီးရင်တော့ အရှေ့အနောက်စီးပွားရေး စင်္ကြံလမ်းဟာ ပိုမိုမြန်ဆန်လာမှာဖြစ်ပါတယ်။

ဂျပန်ရဲ့ အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းဟာ သီလဝါအထူးစီးပွားရေးဇုန်ကအခြေခံကျပြီး ရန်ကုန်မြို့မှာ တည်ဆောက်ဖို့ရှိနေတဲ့ ရန်ကုန်မြို့အပြင်ပတ်လမ်းပြီးစီးရင်တော့ အဲဒီလမ်းနဲ့ချိတ်ဆက်ကာ လမ်းတစ်လျှောက်မှာ စက်မှုဇုန်တွေ ထပ်မံပေါ်ပေါက်လာဖို့လည်းရှိနေပါတယ်။ အာဆီယံနိုင်ငံအချို့ကိုဖြတ်သန်းသွားမယ့် ဂျပန်ရဲ့အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းဖြစ်တာမို့ မြန်မာနိုင်ငံအတွင်းဖြတ်သန်းရာ မြို့ကြီးတွေရဲ့ဝန်းကျင်မှာ စက်မှုဇုန်တွေ၊ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ထပ်မံပေါ်ထွက်လာဖို့ရှိနေမှာဖြစ်ပါတယ်။

တောင်ပိုင်းစီးပွားရေးဖြတ်လမ်းကတော့ မြန်မာနိုင်ငံထားဝယ်မြို့မှစတင်မှာဖြစ်ပြီး ထိုင်းနိုင်ငံဗန်ကောက်မြို့၊ ကမ္ဘောဒီးယားနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တို့နဲ့ ချိတ်ဆက်ရန်ဖြစ်တယ်လို့ဆိုပါတယ်။ ဒီစီးပွားရေးဖြတ်လမ်းကလည်း အာဆီယံနိုင်ငံအချို့နဲ့ မြန်မာနိုင်ငံတောင်ပိုင်း ထားဝယ်အထူးစီးပွားရေးဇုန်ကို ချိတ်ဆက်ဖို့ရှိနေတဲ့လမ်းကြောင်းဖြစ်ပါတယ်။ ဒီလိုဂျပန်နိုင်ငံရဲ့ အရှေ့အနောက်စီးပွားရေးစင်္ကြံလမ်းနဲ့ ဆက်စက်နေတဲ့ စစ်တောင်းတံတားသစ်ကို ဂျပန်အပြည်ပြည်ဆိုင်ရာ

ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (JICA) က တည်ဆောက်နေတာဖြစ်ပါတယ်။ ဒါ့အပြင် ဂျိုင်း-ကော့ကရိတ်တံတား၊ ဂျိုင်း-ဇာသပြင် တံတားနဲ့အတ္တရံမြစ်ကူးတံတားတွေကိုလည်း ဂျပန်နိုင်ငံချေးငွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လမ်းတွေ၊ တံတားတွေ တည်ဆောက်မှုဟာ လာမယ့် ၂၀၂၇ ခုနှစ်ခန့်ဆိုရင်တော့ အခက်အခဲတစ်စုံတစ်ရာမရှိရင် ရုပ်လုံးပေါ်လာမယ့် အနေအထား ရှိပါတယ်။

အဲဒီလို စီးပွားရေးစင်္ကြံလမ်းနဲ့ ဆက်စပ်နေတဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ ဒေသအသီးသီးလူငယ်တွေ၊ နယ်ပယ် အသီးသီးက ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ၊ စီးပွားရေးအခွင့်အလမ်းတွေရရှိဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။ ဒီလို စီးပွားရေးစင်္ကြံလမ်း ဖြတ်သန်းပေါ်ထွက်လာမှုကြောင့် ဒေသဖွံ့ဖြိုးရေးတွေလည်း တစ်ဆက်စပ်တည်း ဖြစ်ထွန်း ပေါ်ပေါက်လာဖို့လည်းရှိနေမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ သီလဝါအထူးစီးပွားရေးဇုန်ဟာ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ကောင်းလာတာနဲ့အမျှ အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းပေါ်ထွက်လာမှာဖြစ်တာမို့ ရန်ကုန်မြို့ဟာ နိုင်ငံတကာ စီးပွားရေး မြို့တော်ကြီးတစ်ခုလို ပီပီပြင်ပြင်ပေါ်ထွက်လာမှာဖြစ်တဲ့အပြင် စီးပွားရေးနဲ့အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ အများ အပြားလည်း ဖြစ်ထွန်းထွက်ပေါ်လာမှာဖြစ်တယ်လို့ ယုံကြည်မှုရှိနေတာတော့အမှန်ပါပဲ။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2572343693006123?__tn__=K-R

## COVID-19 ကြောင့် လယ်ယာထုတ်ကုန် မကျဆင်းစေရန် ကေလေးသိန်းကို အစိုးရဦးဆောင်စိုက်ပျိုးမည်

COVID-19 ကြောင့် လယ်ယာထုတ်ကုန်သီးနှံများထုတ်လုပ်မှု မကျဆင်းစေရန်ရည်ရွယ်ပြီး ကေလေးသိန်းကို စိုက်ပျိုးမည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက မေ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၏အစီအမံဖြင့် ကေနှစ်သိန်းနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အစီအမံဖြင့် ကေ နှစ်သိန်းဆောင်ရွက်မည်ဖြစ်သည်။ နိုင်ငံတကာငွေကြေးအထောက်အပံ့၊ အစိုးရဘတ်ဂျက်တို့ဖြင့်ဆောင်ရွက်မည်ဖြစ်ပြီး တောင်သူများစိုက်ပျိုးရေး၊ သွင်းအားစုများရရှိရေးနှင့် ငွေကြေးအခက်အခဲများ မဖြစ်ပေါ်စေရန် စီမံဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက နိုင်ငံတကာအဖွဲ့အစည်းများ၏ ချေးငွေအထောက်အပံ့၊ နိုင်ငံတော် ဘတ်ဂျက်တို့ဖြင့် နိုင်ငံတစ်ဝန်းရှိ ကေနှစ်သိန်းတွင်သီးနှံမျိုးစေ့ထုတ်ခြင်းနှင့် စိုက်ပျိုးရေးစံပြကျေးရွာများတွင် သီးနှံများ စိုက်ပျိုးထုတ်လုပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အစီအစဉ်ဖြင့် တောင်သူများနှင့် အကျိုးတူလယ်ယာစနစ် စိုက် ကေနှစ်သိန်းတွင် စိုက်ပျိုးထုတ်လုပ်မည်ဖြစ်သည်။ "အစိုးရရဲ့ COVID-19 စီးပွားရေးကုစားမှုအစီအစဉ်နဲ့အညီ ဒီအစီအစဉ်ကို ဆောင်ရွက်တာဖြစ်ပါတယ်။ လယ်ယာလုပ်သားတွေကို အလုပ်အကိုင်ရရှိစေဖို့လည်းရည်ရွယ်ပါတယ်။ စပါးကိုအဓိကထားပြီး စိုက်ပျိုးမှာဖြစ်ပြီး တခြားသီးနှံတချို့လည်း စိုက်သွားမှာဖြစ်ပါတယ်"ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးတင့်ထွန်းကပြောသည်။

အစိုးရ၏ COVID-19 စီးပွားရေးကုစားမှုအစီအစဉ်အရ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းငယ်များ၊ လယ်သမားများ၊ မျိုးစေ့ရောင်းချသူများကို ထောက်ပံ့မည့်အစီအမံများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အကောင် အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါ ကေလေးသိန်းတွင်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်အတွက် လုပ်သားများစွာလိုအပ်ပြီး လယ်ယာလုပ်ငန်းအမျိုးမျိုးတွင် လုပ်ကိုင်ရန်စိတ်ပါဝင်စားသူများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် နီးစပ်ရာစိုက်ပျိုးရေး ဦးစီးဌာနရုံးများသို့ဆက်သွယ်ရန် အသိပေးကြေညာထားသည်။ ကမ္ဘာ့ဘဏ်သည် ကိုဗစ်ကာလအတွင်း မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍကို အထောက်အပံ့ပေးနိုင်ရန် Myanmar National Food and Agriculture Systems Project အတွက် ချေးငွေအမေရိကန်ဒေါ်လာသန်း ၂၀၀ အထိပံ့ပိုးပေးမည်ဟု ပြီးခဲ့သည့် ရက်သတ္တပတ်တွင် မြန်မာအစိုးရသို့အသိပေးပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/139197.html

## မန္တလေး၌ ပြည်တွင်းကုမ္ပဏီတစ်ခု Mask စတင်ထုတ်လုပ်



Covid-19 ကာလ ပြည်တွင်း Mask လိုအပ်ချက်ကို ဖြည့်ဆည်းရန် မန္တလေးတိုင်းဒေသကြီးရှိ ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သော နိုင်ရတနာသံလွင်ကုမ္ပဏီက Mask များစတင်ထုတ်လုပ်နေပြီဖြစ်ကြောင်း အဆိုပါကုမ္ပဏီပိုင်ရှင် ဦးစိုင်းအောင်သူက မြန်မာတိုင်းမ်ကိုပြောသည်။ ''ရည်ရွယ်ချက်ကတော့ အဓိကက ကိုယ့်ပြည်တွင်းမှာထုတ်လို့ရရင် ပိုအဆင်ပြေမယ်။ ရောဂါကာကွယ်ဖို့ရယ်။ လူတိုင်း Mask ဈေးသက်သက်သာသာနဲ့ ဝယ်လို့ရအောင်ထုတ်တာပါ။ ရောဂါ ကာကွယ်မှုကို တစ်ဖက်တစ်လမ်းကနေကူညီတာပါ''ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါ စတင်ဖြစ်ပွားချိန် ပြည်ပမှတင်သွင်းရသော နှာခေါင်းစည်း (Mask) များ ဈေးကွက်အတွင်း အဆမတန်မြင့်တင်ရောင်းချမှုများကြောင့် Mask တစ်ခုလျှင် ကျပ် ၁,၀၀၀ ဝန်းကျင်အထိဈေးနှုန်းမြင့်တက်မှုများဖြစ်ပေါ်ခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ထိန်းချုပ်သည့် အရေးကြီးဆက်စပ်ပစ္စည်းများဖြစ်သောဆေးဝါးများ၊ Mask ၊ hand Gel ၊ အခြေခံစားသုံးကုန်များကို ဈေးနှုန်းတင်ရောင်းပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေဖြင့်အရေးယူမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကပင် အမိန့်ညွှန်ကြားချက်ထုတ်ပြန်ခဲ့ရသည်။

မြန်မာနိုင်ငံသည် Maskကို ပြည်တွင်း၌ထုတ်လုပ်ခြင်းမရှိသည့်အတွက် ပြည်ပမှတင်သွင်းနေရသည်။ ထိုသို့ ပြည်ပမှ Mask တင်သွင်းရာတွင်လည်း အခြားနိုင်ငံများတွင်လည်း ကိုရိုနာရောဂါဖြစ်ပွားနေရာ ယင်းကာကွယ်ထိန်းချုပ်ရေးပစ္စည်း များသည် မြန်မာနိုင်ငံလိုအပ်ချက်နည်းတူ အခြားနိုင်ငံများ၏ လိုအပ်ချက်များလည်းရှိနေသည့်အတွက် ယင်းနိုင်ငံများက အကန့်အသတ်ဖြင့် ရောင်းချမှုများလည်းရှိရာ ဈေးကွက်အတွင်းပစ္စည်းရှားပါးခဲ့သည်။ ပြည်တွင်း၌ Mask များကို ထုတ်လုပ်နိုင်ရန်အတွက် မန္တလေးတိုင်းအစိုးရအဖွဲ့၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့အကူအညီနှင့် ခွင့်ပြုချက်ရယူ၍ တရုတ်နိုင်ငံမှ Mask ထုတ်သည့်စက်များ အမြန် ဝယ်ယူတင်သွင်းခဲ့ပြီး ကုန်ကြမ်းများ စုဆောင်းကာ ထုတ်လုပ်မှုစတင်ခဲ့ခြင်းဖြစ်သည်ဟု ဦးစိုင်းအောင်သူကပြောသည်။ Mask ထုတ်လုပ်မှုကို ၂၄ နာရီ လည်ပတ်ပါက တစ်ရက်လျှင် Mask အခုရေ ၃၀,၀၀၀ ကျော် ၄၀,၀၀၀ ကြား ထွက်ရှိသည်ဟု သိရသည်။

FDA ထောက်ခံချက်ရရှိရန် လုပ်ဆောင်နေပြီး Mask ထုတ်လုပ်ရာတွင် ကုန်ကြမ်း မှန်ရမည်ဖြစ်ပြီး ထုတ်လုပ်သည့်နေရာ ပတ်ဝန်းကျင် သန့်ရှင်းရန်လိုအပ်ခြင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်ပြီးပါက Maskများကို ပိုးသတ်ခြင်းလုပ်ဆောင်ရကာ စသည်တို့ ပြည့်စုံပါက အဆင်ပြေကြောင်း၎င်းကပြောသည်။ လက်ရှိတွင် ပြည်ပမှတင်သွင်း၍ Mask ရောင်းချမှုများကြောင့် ပြည်တွင်းဈေးကွက်အတွင်း လုံလောက်စွာရှိနေသည့်အတွက် ၎င်းတို့ထုတ်လုပ်မှုကို ရေရှည်စီမံကိန်းအနည်းဖြင့် လုပ်ဆောင်သွားမည်ဟု သိရသည်။ ''ဈေးကွက်ထဲအခုမှ စပြီးအွန်လိုင်းပေါ်တင်တာ။ အော်ဒါတော့မရသေးဘူး။ ကျွန်တော်တို့ ရေရှည်အတွက် စဉ်းစားပြီး အေးအေးဆေးဆေး ပုံမှန်လုပ်မယ်။ ဈေးကွက်ထဲ အခုမှစဝင်တာဆိုတော့ ဖြည်းဖြည်းချင်းစီသွားရမှာပါ''ဟု ဦးစိုင်းအောင်သူက ပြောသည်။ အခုရေ ၃၀၀၀ အောက်ဝယ်ယူပါက တစ်ခုလျှင် ၃၂၀ ကျပ်၊ ၃၀၀၀ နှင့် အရေအတွက်တစ်သိန်းအကြား ကျပ် ၂၈၅ ဈေးနှုန်း၊ အရေအတွက် တစ်သိန်းအထက်ဖြစ်ပါက တစ်ခုလျှင် ၂၇၅ ကျပ်နှုန်းဖြင့် ရောင်းချသွားမည်ဟုသိရသည်။

လက်ရှိတွင်ဈေးကွက်အတွင်း တရုတ်နယ်စပ်မှ Mask ဝင်ရောက်မှုကြောင့် ဈေးနှုန်းအဆမတန် မြင့်တက်ခြင်းမရှိပဲ ပစ္စည်းလုံလောက်သည့်အခြေအနေတွင်ရှိနေသော်လည်း မြန်မာအစိုးရ၏ ကိုဗစ်ရောဂါထိန်းချုပ်ကာကွယ်ရေးညွှန်ကြားချက်များကြောင့် ပြည်တွင်း၌ Mask လိုအပ်ချက်မှာ ပိုမိုရှိလာမည့်အနေအထားဖြစ်သည်။ လတ်တလောဖြစ်ပွားနေသော Covid-19 အဆုတ်ရောင်ရောဂါသည် အလွန်လျင်မြန်စွာကူးစက်ပျံ့နှံ့နိုင်စွမ်းရှိသဖြင့် လူတိုင်းလူတိုင်းတွင် နှာခေါင်းစည်းများမဖြစ်မနေသုံးစွဲရန် ပြီးခဲ့သောရက်ပိုင်းကပင် မန္တလေးတိုင်းအစိုးရက အမိန့်ထုတ်ပြန်ထားသည်။ ရန်ကုန်တိုင်းရှိ မြို့နယ်အချို့သည်လည်း Mask မဖြစ်မနေတပ်ရမည်ဟု မြို့နယ်အလိုက်ထုတ်ပြန်ထားပြီး ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံ က လည်း မေလ ၁၃ ရက်မှစ၍ နေအိမ်ပြင်ပသို့ သွားလာရာတွင် နှာခေါင်းစည်း (Mask)

မတပ်ဆင်ပါက အရေးယူမည်ဟုထုတ်ပြန်ထားရာ YBS စီးနင်းသူများ Mask တပ်ဆင်ထားမှသာ ယာဉ်ပေါ်တက်ရောက်စီးနင်းခွင့်ပြုမည်ဟု အသီးသီးထုတ်ပြန်ထားသည်။

**Source:** https://myanmar.mmtimes.com/news/139212.html

## တရုတ်နိုင်ငံကို ဆန်ပြန်လည်တင်ပို့

မူဆယ် ၁၀၅မိုင် ကုန်သွယ်ရေးဇုန်ကနေ တရုတ်နိုင်ငံကို နေ့စဉ် ဆန်အိတ်(၇၀၀၀)ခန့် ပြန်လည်တင်ပို့နေတယ်လို့ မူဆယ်ဆန်စပါးကုန်စည်ဒိုင်၊ ဒုတိယ ဥက္ကဋ္ဌ ဦးမင်းသိန်းကပြောပါတယ်။ အဲဒီလိုတင်ပို့တာတွေကို မေ (၁၁)ရက်က စတင်ခဲ့တာဖြစ်ပြီး တရုတ်နိုင်ငံဘက်ကလည်း ဆန် ဝယ်လိုအားရှိနေတာကြောင့် နောက်ပိုင်းမှာ ပိုမိုတင်ပို့နိုင်မှာဖြစ်တယ်လို့လည်းပြောပါတယ်။ “ တစ်နေ့ကို အိပ်(၇၀၀၀) လောက်သွားနေတယ်။ ပိုးမွှားသန့်စင်ကြောင်းကိုတော့ လိုင်အသစ်အတွက်ဆိုရင် ရန်ကုန်ကဆို ရန်ကုန်ကနေ စာရွက်အစုံတခါတည်းပေးလိုက်တာ။ နေပြည်တော်မှာသွားလုပ်စရာမလိုဘူး။ ရုံးခွဲတွေရှိတယ်။ မန္တလေးဆိုလည်း အဲလိုပဲ။” လို့ ဦးမင်းသိန်းကပြောပါတယ်။ လက်ရှိ တရုတ်နိုင်ငံကိုတင်ပို့ရောင်းချနေတဲ့ဆန်တွေက မေလအတွင်း နယ်စပ်ကုန်သွယ် ရေးလမ်းကြောင်း တင်ပို့ဖို့အစိုးရကခွင့်ပြုထားတဲ့ ဆန်တန်ချိန် (၅၀၀၀၀)ထဲက ဆန်တွေဖြစ်ပါတယ်။ အခုလိုတင်ပို့မှုအတွက် အစိုးရကို အရန်ဆန်(၁၀)ရာခိုင်နှုန်းပေးသွင်းရမှာဖြစ်တယ်လို့ ဦးမင်းသိန်းကပြောပါတယ်။ မတ်လ (၂၃)ရက် နောက်ပိုင်း မူဆယ် (၁၀၅)မိုင် စိုက်ပျိုးရေးဌာနက ထုတ်ပေးတဲ့ထောက်ခံချက်ကို တရုတ်နိုင်ငံဘက်က လက်မခံတော့ဘဲ နေပြည်တော် စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ထောက်ခံချက်လက်မှတ်ကိုပဲ လက်ခံမယ်ဆိုပြီး ကန့်သတ်ခဲ့ပါတယ်။ အဲဒီအတွက် တရုတ်ပြည် ကျယ်ဂေါင်မှာ ဆန်တန်ချိန် (၅၀၀၀) ပိတ်မိနေပြီး အဲဒီအတွက် ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်လက်မှတ်ရဖို့ စစ်ဆေးမှုတွေလုပ်ဆောင်နေဆဲဖြစ်တယ်လို့ မူဆယ် ၁၀၅ မိုင် ဆန်စပါးကုန်စည်ဒိုင်ကသိရပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## COVID-19 ကြောင့်ထိခိုက်ရသည့် လုပ်သားဝန်ထမ်းများအတွက် အထူးထောက်ပံ့ကြေးအဖြစ် စုစုပေါင်းတန်ဖိုး ကိုရီးယားဝမ် ၁.၅ ထရီလီယံအား တောင်ကိုရီးယားအစိုးရမှထောက်ပံ့သွားမည်

ကိုရီးယားသမ္မတနိုင်ငံသည် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းဈေးကွက်တည်ငြိမ်စေရေးနှင့် နိုင်ငံ၏ စီးပွားရေးကျဆင်းမှုအား ကာကွယ်ရန်ရည်ရွယ်၍ COVID-19 ကြောင့် Quarantine ဝင်ရခြင်းများအပါအဝင် အလုပ်အကိုင်နှင့် ဝင်ငွေထိခိုက်ခဲ့ရသည့် အချိန်ပိုင်းဝန်ထမ်း လုပ်သားများအတွက် အထူးထောက်ပံ့ကြေးအဖြစ် စုစုပေါင်းတန်ဖိုး ကိုရီးယားဝမ် ၁.၅ ထရီလီယံကို တောင်ကိုရီးယားအစိုးရမှထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ လျစ်လျူရှုခံထားရသော အခွင့်အလမ်းနိမ့်ပါးသည့် အလုပ်သမားဝန်ထမ်းများအတွက် အလုပ်အကိုင်ရေးရာလုံခြုံမှုကွန်ယက်ကိုမြှင့်တင်ရန် ကြိုးစားပေးသည့်အနေဖြင့် အဆိုပါ ကိုရီးယားဝမ် ၁.၅ ထရီလီယံကို အလုပ်အကိုင်တည်ငြိမ်ရေး ရန်ပုံငွေအဖြစ် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Mr. Hong Nam-ki မှ ၇-၅-၂၀၂၀ ရက်နေ့တွင် ဆိုးလ်မြို့ Government Complex ၌ ပြုလုပ်ခဲ့သော အရေးပေါ်စီးပွားရေးရာမူဝါဒညှိနှိုင်းသည့်အစည်းအဝေးတွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ထို့သို့ ပံ့ပိုးပေးနိုင်ရေးအတွက် တောင်ကိုရီးယားအစိုးရအနေဖြင့် ဝမ် ၉၄၀ ဘီလီယံတန်ဖိုးရှိ အရံရန်ပုံငွေများကို ယခင်အပတ်အတွင်းကအတည်ပြုခဲ့ကြောင်း၊ ကျန်သောငွေပမာဏကို တတိယအကြိမ်ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းရန်စီစဉ်ထားကြောင်း၊ အသေးစိတ်အနေဖြင့် သတ်မှတ်ချက်များနှင့်အကျုံးဝင်သူ ၉၃၀,၀၀၀ ခန့်အား တစ်လလျှင် ဝမ် ၅၀၀,၀၀၀ ခန့်ကို သုံးလစာယာယီပံ့ပိုးပေးသွားမည့်အစီအစဉ်များပါဝင်ကြောင်း၊ ဤအထူးထောက်ပံ့ကြေးရန်ပုံငွေသည် တစ်သီးပုဂ္ဂလအဖြစ် လုပ်ငန်းလုပ်ကိုင်သူများ(Freelancers)၊ ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် အလုပ်အကိုင်ဆုံးရှုံးရသူ (သို့မဟုတ်) လစာမဲ့ခွင့်ကို အမိန့်အရ မဖြစ်မနေလက်ခံလိုက်ရသော အချိန်ပိုင်းဝန်ထမ်းများ၊ အငယ်စားစီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသော ဝန်ထမ်းများ အတွက် အထူးရည်ရွယ်ကြောင်း၊ တစ်နှစ်လျှင် ဝင်ငွေ ဝမ် (၅၀) သန်းမှ (၁၅၀) သန်း အတွင်းရရှိသူများအနက် ဝင်ငွေ၏ ၂၅ ရာခိုင်နှုန်းအထက် လျော့ကျသွားသူများ အကျုံးဝင်မည်ဖြစ်ကြောင်းသိရှိရပါသည်။

အလုပ်အကိုင်နှင့်အလုပ်သမားရေးရာဝန်ကြီးဌာန၏ညွှန်ကြားချက်များအရ အသက်မွေး ဝမ်းကြောင်းလုပ်ငန်းများ အနက် ကျောင်းချိန်ပြင်ပ နည်းပြဆရာအလုပ်ဆောင်ရွက်သူများ၊ အချိန် ပိုင်းနည်းပြဆရာများ၊ အားကစားသင်တန်းနည်းပြများ၊ ဂေါက်ကွင်းကယ်ဒီဝန်ထမ်းများ၊ ရုပ်ရှင်ရုံဝန်ထမ်းများ၊ စာပို့လုလင်များ၊ Door-to-Door အရောင်းဝန်ထမ်းများ အကျုံးဝင်မည်ဖြစ်ကြောင်း၊ အငယ်စားလုပ်ငန်းပိုင်ရှင်များတွင် ဝန်ထမ်း (၁၀) ဦးနှင့်အောက်ရှိသော သတ္တုတွင်းလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် အခြားကဏ္ဍများမှ ဝန်ထမ်း (၅) ဦးနှင့် အောက်ရှိသောလုပ်ငန်းပိုင်ရှင်များ အကျုံးဝင်ကြောင်း သိရှိရပါသည်။

ထို့ပြင် လေကြောင်းလိုင်းနှင့်ခရီးသွားလာရေးကဏ္ဍတို့အား ပြန်လည်တိုးတက်ရေး အစွမ်းကုန်ကြိုးစား၍ ပံ့ပိုးပေးမည်ဟူသော တောင်ကိုရီးယားအစိုးရ၏ ယခင်ထားရှိခဲ့သည့်ကတိစကားအရ လေကြောင်းလိုင်းဆိုင်ရာကုမ္ပဏီများ၊ ဟိုတယ်ကဏ္ဍများမှ ဝန်ထမ်းများအနေဖြင့် သတ်မှတ်စီးပွားရေးအရွယ်အစားထက် ကျော်လွန်နေသော်လည်း ဤပံ့ပိုးမှုကို လျှောက်ထားနိုင်ပါကြောင်း၊ အစိုးရ၏အရေးပေါ်ကယ်ဆယ်ရေးရန်ပုံငွေ၏အလုပ်အကိုင်ထောက်ပံ့ငွေစရိတ်သည် သတ်မှတ်ချက်များနှင့်အကျုံးဝင်သူများ ရရှိမည်ဖြစ်ကြောင်း၊ သို့ရာတွင် အလုပ်အကိုင်ဆိုင်ရာ ထောက်ပံ့ကြေးတစ်ခုခုအားရရှိထားပြီးပါက စုစုပေါင်းရရှိမည့် ဝမ် (၁.၅)သန်း မှရရှိပြီး ပမာဏကို နှုတ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အစိုးရအနေဖြင့် လျှောက်လွှာများကို သက်ဆိုင်ရာ Website မှတစ်ဆင့်လျှောက်ထား ခြင်းကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်နေ့တွင် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ဇွန်လ (၁) ရက် နေ့မှဇူလိုင်လ(၂၀)ရက်နေ့အတွင်း လက်ခံဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ လျှောက်ထားသူ များပြားနိုင်သဖြင့် Masks များ ဝယ်လိုအားမြင့်တက်စဉ်က ဝယ်ယူရေးအဆင်ပြေစေရန် ဆောင်ရွက်ခဲ့သည့်နည်းလမ်းကဲ့သို့ ၂ ဆိုင်း (သို့မဟုတ်) ၅ ဆိုင်းအထိခွဲ၍ဆောင်ရွက်သွားရန်စီစဉ်ထားပါကြောင်းသိရှိရပါသည်။

အာရှဒေသ၏ စတုတ္ထမြောက်စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော တောင်ကိုရီးယား နိုင်ငံ၏စီးပွားရေးအခြေအနေသည် ၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ်ကာလတွင် (၁.၄) ရာခိုင်နှုန်း ကျဆင်းခဲ့ရာ၊ ယင်းသည် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလပြီးသည့်နောက်တွင် သုံးလပတ် ကာလအလိုက် ရာခိုင်နှုန်းများအရ ဆိုးရွားစွာကျဆင်းမှုတစ်ခုပင်ဖြစ်ကြောင်း၊ ထို့အတူ တောင်ကိုရီးယား၏ ၂၀၂၀ ပြည့်နှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်းသည် (၂၂) နှစ်တာ ကာလအတွင်း အဆိုးဆုံးအခြေအနေအဖြစ် (အနုတ်) (–) (၁.၂) ရာခိုင်နှုန်းအထိပင်ကျဆင်းမည်ဟု အပြည်ပြည် ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund – IMF) ကခန့်မှန်းထားကြောင်း၊ သို့ရာတွင်အခြားသော OECD အဖွဲ့ဝင်နိုင်ငံများသည်လည်းကမ္ဘာ့ကပ်ရောဂါကို ရင်ဆိုင်နေကြရသည့်အားလျော်စွာ ယင်းနိုင်ငံများနှင့်ယှဉ်လျှင် အမြင့်ဆုံးရာခိုင်နှုန်းတွင် တည်ရှိနေသေးကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## STOCK EXCHANGE (14.5.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 14th May. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,500 | 3,963 | 41,611,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,650 | +0 | +0.00% | 3,650 | 3,650 | 3,600 | 7,540 | 27,369,550 | 38,929,150 | 142,091 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,300 | 8,300 | 8,200 | 3 | 24,800 | 10,400,986 | 85,288 |
| FPB | 00004 | 24,000 | +500 | +2.13% | 23,000 | 24,000 | 23,000 | 166 | 3,902,500 | 2,472,053 | 59,329 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,800 | 2,800 | 2,750 | 186 | 513,300 | 12,823,224 | 35,905 |

Activate Windows

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 443.50 | +0.61 | +0.14% | 441.99 | 443.50 | 441.47 | 11,858 | 73,421,650 | 5 | 607,297 |

**Index chart**




# Market Overview

As of 1:00 pm, 14th May. 2020

| MYANPIX | 443.50 ▲ 0.61 |
|---|---|
| Total Volume (shares) | 11,858 |
| Total Value (MMK) | 73 mil |
| Listed Company | 5 |
| Market Cap. (MMK) | 607,297 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,650 | ▲ 0 |
| MCB | 00003 | 8,200 | ▼ 100 |
| FPB | 00004 | 24,000 | ▲ 500 |
| TMH | 00005 | 2,800 | ▲ 50 |